ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (12-1-2004) (၄၁၁၃)

ပူဇာစ ပူဇနေယျာနံ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ယနေ့ထုတ် စောင်ရေ ၁၉၈၁၄၃

ကြည့်ရှုအားပေး

၂၀၀၃–၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂေါက်သီးရိုက် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၃–၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၃–၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၆နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၁၀နာရီတွင် တပ်မတော်ဂေါက်ကွင်းသို့ ရောက်ရှိလာပြီး ဂေါက်သီးရိုက်ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်

၂၀၀၃–၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နံနက် ၆နာရီခွဲတွင် တပ်မတော်ဂေါက်ကွင်း၌ စတင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror
၁၂-၁-၂၀၀၄
(တနင်္လာနေ့)

နွေစပါးနှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး ကြိုးပမ်း

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်လျော်ညီစွာ ဖြစ်ထွန်းလာစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည်တွင် စိုက်ပျိုးရေးကို အဓိကထားအခြေခံပြီး စိမ်းလန်းစိုပြည်စေရေး စီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိခြင်းဖြစ်သည်။

ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ရန်ကုန်တိုင်းအတွင်း စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေး အတွက် အကျိုးကျေးဇူး များစွာဖြစ်ထွန်းစေသည်။ အဆိုပါ စီမံကိန်းသည် ကြီးမားသော ဆည်တမံကြီးများ တည်ဆောက်ပေးရန် မလိုအပ်ဘဲ တည်ရှိပြီးသော ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများ၊ ဆည်တမံ အသေးစားများကို လိုအပ်သည့်ဒေသများတွင် စနစ်တကျ ဆက်စပ် တည်ဆောက်ပေးရုံမျှဖြင့် အချိန်တိုကာလအတွင်း လယ်မြေဧကများစွာ တိုးတက်ဖြစ်ထွန်းလာနိုင်မည် ဖြစ်သည်။

ရန်ကုန်မြို့ဝန်းကျင်တွင် အဆိုပါစီမံကိန်းကြီး အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာသည်နှင့် နွေရာသီတွင် လယ်မြေဧက လေးသိန်းကျော် တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ယခင်က မိုးရာသီတွင်သာ စပါးစိုက်ပျိုးဖြစ်ထွန်းခဲ့သည့် သန်လျင်၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များတွင် ရာသီမရွေးသီးနှံများ စိုက်ပျိုးဖြစ် ထွန်းလာမည် ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်း နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီး ဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝစိုက်ပျိုးရေး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာ စကားပြောကြားခဲ့သည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များအား နွေစပါး အပြည့်အဝစိုက်ပျိုးရေး၊ အခြားသီးနှံများ မြေလွတ်မြေလပ်မကျန် အားသွန်ခွန်စိုက် စိုက်ပျိုးကြရေး မှာကြားခဲ့သည်။

ရန်ကုန်မြို့ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကြောင့် ရန်ကုန်တိုင်းအတွင်း သီးထပ်စွမ်းအားတိုးမြှင့်ဆောင်ရွက်နိုင်ရန် အလားအလာကောင်းမွန် လျက်ရှိသည်။ သက်ဆိုင်ရာဌာနများက ရေလှောင်တမံများ၊ ရေထိန်း တံခါးကြီးများ၊ ရေသွင်းရေနုတ်မြောင်းကြီးများ၊ ချောင်းပိတ် မြောင်းပိတ် လုပ်ငန်းများကို ဝိုင်းဝန်းဖြည့်ဆည်းပေးလျက်ရှိရာ စိုက်ပျိုးရေ လုံလောက် စွာရရှိနေပြီဖြစ်သည်။

တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လက်တွန်းထွန်စက်များ၊ ရေစုပ်စက်၊ ရေတင်စက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် သီးနှံများအထွက်တိုးရေးနှင့် သီးထပ်စွမ်းအားမြင့်မားစေရန် အရည်အသွေးကောင်း အထွက်တိုးမျိုးများ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးနည်း စနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ရေး ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက် လျက်ရှိသည်။

ယခုအချိန်သည် မိုးစပါးများ ရိတ်သိမ်းပြီးစီးလုနီးပြီဖြစ်ရာ ရိတ်သိမ်း ပြီးသည့် လယ်မြေများတွင် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ အချိန်မီစိုက်ပျိုးနိုင်ရေး ဝီရိယစိုက်ထုတ် ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းအတွင်း နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွား ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်းနှင့် ဦးခင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးများ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်) နှင့်ဌာနဆိုင်ရာဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

လက်ဝှေ့စိန်ခေါ်ပွဲ ရွှေဆိုင်းနှင့် ဝမ်ချိုင်းယှဉ်ပြိုင် သရေကျ၍ ရွှေဆိုင်း ချန်ပီယံဘွဲ့ ဆက်ထိန်း

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ ဒုတိယနေ့ အဖြစ် ဆက်လက်ကျင်းပသည်။

ရိုးရာလက်ဝှေ့ပွဲကျင်းပရာ သုဝဏ္ဏ ပိုက်ကျော်ခြင်း အားကစားရုံသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ညွှန်ကြားရေးမှူးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုဓမ္မ သီဂ ီ သီရိသုဓမ္မသီဂ ီ ဒေါ်မိမိခင်နှင့်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်အားပေးကြသည်။

သုံးချီပွဲ

သုံးချီပွဲစတင်ကျင်းပရာ ပထမပွဲ အဖြစ် အောင်ဇော်မျိုး (အုန်းနဲ့)နှင့် ရွှေဖွဲ့လေး(ရန်ကုန်)တို့ပွဲတွင် ရွှေဖွဲ့လေး အနိုင်ရရှိသည်။ ဝင်းဆွေ(မလှိုင်)နှင့် သားအောင်ပွဲမောင်(မ/ဥက္ကလာ)တို့ပွဲ တွင် မလှိုင်သား ဝင်းဆွေအနိုင်ရသည်။ သိန်းလေး(မ/ဥက္ကလာ)နှင့် ဝိုင်မောင် မောင်(ဒေါပုံ)တို့ပွဲတွင် သိန်းလေးက အနိုင်ရရှိသည်။

လေးချီပွဲများ

လေးချီအထူးပွဲနှစ်ပွဲတွင် စောဖွဲ့လေး (ထားဝယ်)နှင့် ဝမ်းစတား(ရွှေမြန်မာ)တို့ယှဉ်ပြိုင်ကြရာ လုံးတူရပ်တူချင်း ဖြစ်၍ ကြည့်ကောင်းသည်။ သူနိုင် ကိုယ်နိုင် အပြိုင်ကြဲကြသော်လည်း ထိုပွဲမှာ သရေသာဖြစ်သွားသည်။ သားစစ်နိုင်(တွံတေး)နှင့် နေဇော်တို့မှာ အစပိုင်းက နေဇော်ခြေလက်တွေ စွာ လှသော်လည်း သားစစ်နိုင်၏ တစ်ချက် ကောင်းလက်သီးထိ၍ ရှုံးနိမ့်သွားရ သည်။

ငါးချီစိန်ခေါ်ပွဲ

ယနေ့ ငါးချီစိန်ခေါ်ပွဲများတွင် အောင်ကျော်ကျော် (မော်ကျွန်း)နှင့် မဂျစ်(မော်လမြိုင်)တို့ ယှဉ်ပြိုင်ရင်ဆိုင် ထိုးသတ်ကြရာ အပြန်အလှန်ဖွဲ့ဖြင့် ခံနေသော်လည်း အချိန်တန်တော့ မဂျစ်ထက်ဝါရင့်သော အောင်ကျော် ကျော် အနိုင်ရသွားသည်။ ဖွဲ့မာန် (ရွှေရိုးရာ)နှင့် တိုင်းနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် ကျားသစ်လေး (ဒိုက်ဦး)တို့ ယှဉ်ပြိုင်ကြရာ ဖွဲ့မာန် (ရွှေရိုးရာ)ရှုံးနိမ့်သွားရသည်။ ပစ်တိုင်းထောင်(မဒေါက်)နှင့် တိုင်းနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရှင် စောအုန်းမြင့်(လယ်-ဆည်)တို့ယှဉ်ပြိုင်ကြရာ စောအုန်းမြင့် အနိုင်ရရှိသည်။

သရေပွဲ

နောက်ဆုံး ငါးချီစိန်ခေါ်ပွဲတွင် ပရိသတ်အများ မျှော်လင့်စောင့်စားခဲ့ကြသည့် မြန်မာပြည်ရိုးရာလက်ဝှေ့ ချန်ပီယံရွှေဆိုင်းနှင့် စိန်ခေါ်သူ ရွှေခါးပတ်ချန်ပီယံဝမ်ချိုင်း တို့ပွဲဖြစ်သည်။

ဝမ်ချိုင်းမှာ အသက်အရွယ်အရ၊ လေ့ကျင့်မှုအရ သက်လုံပိုင်းအားနည်း နေသော်လည်း အတွေ့အကြုံနှင့် သမ္ဘာကို အားပြုထိုးသတ်သွားသည်။ ရွှေဆိုင်းမှာ လက်ရှိချန်ပီယံဖြစ်၍ ချန်ပီယံဘွဲ့ ဆက်ထိန်းနိုင်ရေးအတွက် အလေးထားထိုးသတ်သွားသည်။

ဝမ်ချိုင်းက လက်ရှိချန်ပီယံကို မနိုင်သော်လည်း မရှုံးရန်ပွဲချိုပြည့်သည် အထိ ဆွဲထိုးသွားသကဲ့သို့ လက်ရှိချန်ပီယံရွှေဆိုင်းကလည်း ဝမ်ချိုင်းကို အပြတ်မဖြတ်နိုင်သဖြင့် သရေပွဲဖြင့်သာ ပွဲသိမ်းသွားခဲ့ရသည်။ **(ကြေးမုံ)**

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များကို လှည့်လည် စစ်ဆေးစဉ်။

(သတင်းစဉ်)

ငါးချီစိန်ခေါ်ပွဲ

လက်ရှိ မြန်မာပြည်ရိုးရာလက်ဝှေ့ ချန်ပီယံ ရွှေဆိုင်းနှင့် ရွှေခါးပတ် ချန်ပီယံ ဝမ်ချိုင်းတို့၏ ငါးချီစိန်ခေါ် ပွဲတွင် ဝမ်ချိုင်းက ရွှေဆိုင်းမျက်နှာဆီသို့ ဘယ်လက်သီး ပစ်သွင်းလိုက်စဉ်။

(ကြေးမုံ)

အီရတ်နိုင်ငံ၌ အသုံးပြုနေသော အမေရိကန်ရဟတ်ယာဉ် အများအပြားကို စံချိန်မီ ဒုံးကျည်ကာကွယ်ရေးစနစ်များ တပ်ဆင်ပေးထားခြင်း မရှိကြောင်း၊ အကယ်၍ ယင်းကဲ့သို့သော ဒုံးကျည်ကာကွယ်ရေးစနစ်များ တပ်ဆင်ထားနိုင်မည်ဆိုပါက အမေရိကန် စစ်ဘက်၏ ရဟတ်ယာဉ်ပျက်ကျမှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းဖြင့် အမေရိကန် ဒီမိုကရက်တစ် ပါတီဝင် အထက်လွှတ်တော်အမတ်တစ်ဦးက ပြောကြားခဲ့သည်။

အီရတ်တွင် တာဝန်ထမ်းဆောင်နေရသည့် ရဟတ်ယာဉ်ဝန်ထမ်းများအတွက် ရဟတ်ယာဉ်တွင် ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ပေးရေးမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဒစ်ဒါဘင်က ပြောကြားခဲ့သည်။

အန္တရာယ်များသည့် အီရတ်နိုင်ငံသို့ အကာအကွယ်ပစ္စည်းများမပါဘဲ အမေရိကန်တပ်ဖွဲ့များအား စေလွှတ်သည်ကို မိမိလက်မခံနိုင်ကြောင်း၊ အကာအကွယ်ပစ္စည်းများ အလုံအလောက် တပ်ဆင်မပေးဘဲ ရဟတ်ယာဉ်အမှုထမ်းများကို အီရတ်သို့ စေလွှတ်ခြင်းဟုတ်၊ မဟုတ် စုံစမ်းပေးရန် မိမိတောင်းဆိုထားကြောင်း အထက်လွှတ်တော်အမတ် ဒစ်ဒါဘင်က ပြောဆိုခဲ့သည်။

စစ်ဘက်ရဟတ်ယာဉ်များသည် အီရတ်ရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့အတွက် စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်ကောင်းမွန်မှုရှိသော်လည်း ခုခံတွန်းလှန်ရေးသမားများက အမေရိကန်စစ်ဘက် ရဟတ်ယာဉ်များကိုပစ်ချနိုင်ရန် အစဉ်အမြဲကြိုးပမ်းလျက်ရှိသည်။ (ဇန်နဝါရီ ၁၀ရက်က တီကရစ်မြို့တွင် ကင်းလှည့်ပျံသန်းသွားသော အမေရိကန်စစ်ဘက်ရဟတ်ယာဉ် တစ်စင်းကို တွေ့ရစဉ်။) **(ဓာတ်ပုံ-အင်တာနက်)**

ဇန်နဝါရီ ၁၀ရက်က အီရတ်နိုင်ငံ မြောက်ပိုင်း ကယ်ကွတ်မြို့တွင်ကင်းလှည့်ထွက်ခွာလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များအားတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၆ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံသားများ ရန်းရင်းဆန်ခတ် ဖြစ်ပွားနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror အီရတ် မြင်ကွင်း

ဇန်နဝါရီ ၉ရက်က ဘာကူဘာမြို့တွင်ဖြစ်ပွားသည့်ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့ရသော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ **(ဓာတ်ပုံ-အင်တာနက်)**

နယ်မြေရှင်းလင်း

ဇန်နဝါရီ ၉ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များက လုံခြုံရေး ဆောင်ရွက်လျက်ရှိနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၉ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသတစ်ခုတွင် **အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည့် အီရတ်နိုင်ငံသား အကျဉ်းသားတစ်ဦး၏ မိခင်ဖြစ်သူကို သံဆူးကြိုးများအပြင်ဘက်တွင် တွေ့မြင်ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် လူအစုအပြုံလိုက် သေစေနိုင်သည့်လက်နက်များ ရှိသည်ဆိုမှု အမေရိကန်အစိုးရ စနစ်တကျ ပုံကြီးချဲ့ခြင်းသာ ဖြစ်ဟုဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၉

အီရတ်နိုင်ငံတွင် လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ)ရှိသည်ဟု ဖော်ပြခဲ့သည့် ခြိမ်းခြောက်မှုသည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဘုရှ်အစိုးရက စနစ်တကျပုံကြီးချဲ့ခြင်းသာဖြစ်ကြောင်း ဝါရှင်တန်ရှိ ဩဇာတိက္ကမရှိသည့် အကြံပေးအဖွဲ့က ကြာသပတေးနေ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

အီရတ်နိုင်ငံအားလွန်ခဲ့သည့်နှစ်အတွင်းက ဝင်ရောက်တိုက်ခိုက်ရာ တွင် တရားမျှတကြောင်း ပြသသည့်အနေဖြင့် ကုလသမဂ္ဂလက်နက်ကျွမ်းကျင်သူများ၏ ရှာဖွေတွေ့ရှိချက်များကို အမေရိကန်ပြည်ထောင်စုက လုပ်ကြံဖော်ပြခြင်းသာဖြစ်ကြောင်း နိုင်ငံတကာငြိမ်းချမ်းရေးဆိုင်ရာ ကာနက်ဂျီအဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံအား ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် သမ္မတဘုရှ်က နျူကလီးယား၊ဓာတုဗေဒနှင့် ဇီဝလက်နက်အစီအစဉ်များအီရတ်၌ရှိကြောင်းကို အဓိကသာဓကအဖြစ်ထားရှိကာ ကုလသမဂ္ဂသို့ တင်ပြအစီရင်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်၊ ဂျာမနီနှင့်ရုရှားနိုင်ငံတို့က အမေရိကန်ဦးဆောင်တိုက်ခိုက်သည့်အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သဖြင့် သံတမန်ဆိုင်ရာ ဆက်ဆံမှုတွင်နက်ရှိုင်းစွာသဘောထားကွဲလွဲခဲ့ရသည်။

အမေရိကန်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များသည် အီရတ်နိုင်ငံ၏ ဒဗလျူအမ်ဒီနှင့် ဒုံးကျည်အစီအစဉ်များနှင့် ပတ်သက်သည့်ခြိမ်းခြောက်မှုကိုတမင်သက်သက်မှားယွင်းဖော်ပြလိုက်ခြင်းသာဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အီရတ်နိုင်ငံအားတိုက်ခိုက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်မှုရှိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်ပြခဲ့သည်။

အမေရိကန်ထောက်လှမ်းရေးအသိုက်အဝန်းအနေဖြင့် မူဝါဒချမှတ်သူများ၏ ဩဇာတိက္ကမအောက်တွင် ရှိနေကြောင်းကာနက်ဂျီဖောင်ဒေးရှင်းအဖွဲ့က ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် လက်ဦးမှုယူ၍ စစ်တိုက်လေ့ရှိသည့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာကို ပြောင်းလဲသင့်ပြီဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။***အင်တာနက်။***

ဆက်ဒမ်နှင့်အယ်လ်ခိုင်ဒါအဖွဲ့ အဆက်အသွယ်ရှိသည့် အထောက်အထားမတွေ့ရ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် ဝန်ခံပြောကြား

နယူးယောက် ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်သည် မည်သည့်အခါကမျှ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟူသော ခိုင်မာသည့်အထောက်အထားမျိုး မရရှိခဲ့ပါဟု ယမန်နေ့က ထုတ်ဖော် ပြောကြားသည်ဟု ဆိုသည်။

ဝန်ခံခဲ့

အစီရင်ခံစာအသစ်တစ်ခု၏ တွေ့ရှိချက်အရ အီရတ်နိုင်ငံသည် လူအစုအပြုံလိုက်သေစေသော လက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို နှစ်အတန်ကြာကပင် ရပ်ဆိုင်းထားခဲ့ပြီးဖြစ်၍ ထိုလက်နက်များဖြင့် ခြိမ်းခြောက်လာမည့် အန္တရာယ်မရှိကြောင်း သိရှိရသည်ဟုဆိုသည်။ အဆိုပါ အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက်ပိုင်းနိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ဝန်ခံပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝါရှင်တန်အခြေစိုက် ကာနက်ဂျီအင်ဒေါင်းမင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးအဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာတွင် အမေရိကန်နိုင်ငံက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်နိုင်ရန်အတွက် သမ္မတဘုရှ်အစိုးရသည် အမေရိကန်ထောက်လှမ်းရေးအဖွဲ့အပေါ် ဩဇာသုံးစွဲပြီး လွှမ်းမိုးခဲ့ကြောင်း ဖော်ပြထားသည်။

ထိုထုတ်ပြန်ချက်နှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေသည် တိုက်ဆိုင်မှုရှိနေသည်ကိုတွေ့ရသည်ဟု ဆိုသည်။

အမေရိကန်ထောက်လှမ်းရေးမှ ဒေးဗစ်ကေ ခေါင်းဆောင်သော အီရတ်တွင်တားမြစ်ထားသည့် လက်နက်များရှာဖွေရေးအဖွဲ့၏ ထုတ်ပြန်ချက်နှင့်လည်းတိုက်ဆိုင်နေသည်။ ထိုအဖွဲ့သည်လက်နက်များရှာဖွေသည့်လုပ်ငန်းကိုဆောင်ရွက်ခဲ့ကြပြီး ယခုအခါ မတွေ့ရသောကြောင့် လုပ်ငန်းများစတင်ရပ်သိမ်းနေပြီဖြစ်ကြောင်းသိရသည်။ ***အင်တာနက်။***

အီရတ်မှ လူအစုအပြုံလိုက်သေစေသည့် လက်နက်များ ဆီးရီးယားသို့ လွှဲပြောင်းပေးအပ်သည့် အထောက်အထားမတွေ့ရ

ဝါရှင်တန် ဇန်နဝါရီ ၉

ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားလိုက်သည့် အမေရိကန်ဦးဆောင်သောတပ်များ အီရတ်နိုင်ငံအား စစ်ဆင်တိုက်ခိုက်ခြင်းမပြုမီ လွန်ခဲ့သည့်နှစ်ဆန်းပိုင်းက အီရတ်နိုင်ငံအနေဖြင့် လူအစုအပြုံလိုက် သေစေသည့်လက်နက်များ ဆီးရီးယားသို့ ပြောင်းရွှေ့မှုနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံအနေဖြင့် ယုံကြည်လက်ခံနိုင်သည့် အထောက်အထားမတွေ့ရကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ကွန်ဒိုလီဇာရိုက်စ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်တွင် အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များရှိသည်ဟု စွပ်စွဲခြင်းမှာ ဆက်ဒမ်ဟူစိန် အစိုးရအား စစ်ဆင်တိုက်ခိုက်ရန် အမေရိကန်အစိုးရက ပြောသောအဓိကအကြောင်းပြချက်ဖြစ်သည်။

အီရတ်၌ ကိုးလတိုင် ရှာဖွေသော်လည်း လက်နက်ထိန်းချုပ်ရေးကျွမ်းကျင်သူများအနေဖြင့် အဆိုပါလက်နက်မျိုး အီရတ်တွင်ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိဟု ဆိုသည်။ ***အင်တာနက်။***

သမ္မတဘုရှ်အတွက် စီးပွားရေးကဏ္ဍသည် အားနည်းချက်တစ်ရပ်ဖြစ် အမေရိကန်၏ အလုပ်သမားခန့်ထားမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၁၀

သောကြာနေ့က ထုတ်ပြန်သည့် အမေရိကန်ပြည်ထောင်စု၏ အလုပ်သမားခန့်ထားမှုဆိုင်ရာ အစီရင်ခံစာတွင် စီးပွားရေး ကဏ္ဍသည် သမ္မတဂျော့ဂျ်၊ ဘုရှ်၏ အားနည်းချက်တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဖွယ် ရှိကြောင်း ဖော်ပြပေးသည်။

အလုပ်သမားဌာနက ထုတ်ပြန်သည့် စာရင်းဇယားများအရ အလုပ်သမားများခန့်ထားမှုသည် ဒီဇင်ဘာလအတွင်း ဦးရေ ၁၀၀၀ တိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူများက အလုပ်သမားဦးရေ ၁၃၀၀၀၀ ထက်မနည်း မြင့်မားလာနိုင်ကြောင်း ခန့်မှန်းထားသလို အချို့သောကျွမ်းကျင်သူများက ဦးရေ ၂၀၀၀၀၀ ကျော်အထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းဖော်ပြကြသည်။

အမေရိကန်ပြည်ထောင်စု၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၀၃ ခုနှစ် တတိယသုံးလပတ်ကာလတွင် ၈ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာခဲ့မှုကြောင့် ဖော်ပြပါအတိုင်း အကောင်းမြင်သုံးသပ်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့ရာတွင် နောက်ဆုံးထုတ်ပြန်ထားသည့် အလုပ်ခန့်ထားမှု အချက်အလက်များအရ သမ္မတ ဘုရှ်၏ လွန်ခဲ့သည့် ဒီဇင်ဘာလက အခွန်ဖြတ်တောက်ခဲ့သည့် စီးပွားရေးအရ စေ့ဆော်ပေးမှုလည်း ခဏပန်းမျှသာ ဖြစ်နိုင်ဖွယ်ရှိပြီး စားသုံးသူများက ငွေပိုမသုံးစွဲနိုင်သည်နှင့်အမျှ ယင်းအခြေအနေသည် မှေးမှိန်ပျောက်ကွယ်သွားနိုင်သည်။

အမေရိကန်ဒေါ်လာ ၇၅၀၀၀ ကျော်ရရှိသည့် ၂၀ ရာနှုန်းသော အမေရိကန်နိုင်ငံသားနှင့် ၂၅ ရာနှုန်းသော အမေရိကန်နိုင်ငံသားများသည် လာမည့်နှစ်တွင် ၎င်းတို့၏ အလုပ်ထိခိုက်မည်ကို ကြောက်ရွံ့နေကြကြောင်း မိမိ၏လူထုသဘောထားကောက်ယူမှုအရ သိရှိရကြောင်း ဂျွန်ဇောဘီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၉ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့ တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် များအား တွေ့ရစဉ်။ **(ဓာတ်ပုံ-အင်တာနက်)**

အီရတ်နိုင်ငံ၌ လက်နက်ရှာဖွေသည့် အမေရိကန်တပ်ဖွဲ့ ပြန်လည်ထွက်ခွာ

ဝါရှင်တန် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်များရှိသည်ဆိုပြီး ရှာဖွေလျက်ရှိသော အမေရိကန်လက်နက်ရှာဖွေရေးအဖွဲ့သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အပြင်းအထန်

အီရတ်နိုင်ငံတစ်ဝန်း၌ လက်နက်များရှာဖွေခဲ့ရာတွင် အမေရိကန်ရှာဖွေရေးသမား ၄၀၀ ပါဝင်ခဲ့ပြီး ၎င်းတို့သည် နေရာအနှံ့ အပြင်းအထန် ရှာဖွေခဲ့သော်လည်း လက်နက်တစ်စုံတစ်ရာကိုမျှ မတွေ့ရှိခဲ့ရကြောင်း။

ယူဆရ

အမှန်တကယ်မရှိသော ယင်းလက်နက်များကို ရှာဖွေတွေ့နိုင်တော့မည်မဟုတ်ဟု ယူဆပုံရကြောင်းနှင့် ယင်းလက်နက်များကိစ္စသည် အီရတ်ကိုတိုက်ခိုက်သည့် အခြေခံအကြောင်းပြချက်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

တားမြစ်လက်နက်စစ်ဆေးသူများ အီရတ်မှ ပြန်လည်ရုပ်သိမ်းရေး အမေရိကန်အိမ်ဖြူက အရေးယူမှု မရှိဘဲ ဘေးဖယ်ထား

နော့ဖ်ဗီး(တင်နက်ဆီ) ဇန်နဝါရီ ၁၀

လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များ(ဒဗလျူအမ်ဒီ)ကို ရှာဖွေစစ်ဆေးရန် တာဝန်ပေးထားသည့် ကျွမ်းကျင်သူ အဖွဲ့ဝင် ၄၀၀ ပါဝင်သည့် စစ်ဘက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရေးကိစ္စကို အမေရိကန်အိမ်ဖြူတော်က ကြာသပတေးနေ့တွင် အရေးတယူမရှိ ဘေးဖယ်ထားလိုက်သည်။

ဒဗလျူအမ်ဒီလက်နက်များ ဖယ်ရှားရေးအဖွဲ့သည် အီရတ်နိုင်ငံမှ ထွက်ခွာခဲ့ကြသော်လည်း အီရတ်နိုင်ငံတွင် ကျန်ရှိနေသေးသည့်လက်နက်များကို ရှာဖွေရန် အဆိုပါအဖွဲ့က အလေးထားလျက်ရှိသေးကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ ပြောရေးဆိုခွင့်ရှိသူ စကော့မက်ကလီလန်က ပြောကြားသည်။

ထိုအုပ်စုအနေဖြင့် လက်နက်ရှာဖွေရေးကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ကြောင်း မက်ကလီလန်က သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ လက်နက်ရှာဖွေရေးအဖွဲ့ အီရတ်နိုင်ငံမှ ထွက်ခွာလာခြင်းသည် အမေရိကန်အစိုးရအနေဖြင့် ၎င်း၏ သဘောထားအမြင်ကို လျှော့ချလိုက်ခြင်း ဖြစ်ပြီး ဓာတုဗေဒနှင့် ဇီဝလက်နက်များ ရှာဖွေတွေ့နိုင်ဖွယ် မရှိတော့ဟု သုံးသပ်သည့် လက္ခဏာပင်ဖြစ်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာကြီးက ကြာသပတေးနေ့က ရေးသားလိုက်သည်။

အကြောင်းပြ

အမေရိကန်အစိုးရက တရားမဝင် လက်နက်များ၏ ခြိမ်းခြောက်မှုကို အီရတ်နိုင်ငံ တိုက်ခိုက်ရေးအတွက် အဓိက အကြောင်းပြချက်တစ်ရပ်အဖြစ် အသုံးချခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြည့်ရှု

ဇန်နဝါရီ၉ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ဘတ်စ်ကားတစ်စီးအနီးတွင် အီရတ်နိုင်ငံသားတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရာတ်စစ်ပွဲတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၄၉၄ ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၄၉၄ဦး သေဆုံးကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။ ယင်းတို့အထဲမှ တပ်ဖွဲ့ဝင် ၃၄၂ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၅၂ဦးသည် အခြားသော အကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ၎င်းဌာနက ဆက်လက်ပြောကြားသည်။

ဗြိတိသျှစစ်ဘက်က တပ်ဖွဲ့ဝင် ၅၆ဦး၊ အီတလီက ၁၇ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားက ငါးဦး၊ အခြားတပ်ဖွဲ့ဝင်က နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့်ပိုလန်နိုင်ငံတို့က တစ်ဦးစီ သေဆုံးကြောင်း ဖော်ပြသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိက တိုက်ခိုက်မှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်း မေ ၁ ရက်က ကြေညာပြီးခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၃၅၆ဦး သေဆုံးခဲ့သည်။ ယင်းတို့အနက်မှ ၂၂၇ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၂၉ဦးသည် အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ၎င်းဌာနက ဆက်လက်ဖော်ပြသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၂၄၆၁ ဦးသည် တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြခြင်းဖြစ်ပြီး ၃၈၈ ဦးသည် အခြားသော အကြောင်းများကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

၂၀၀၃ခုနှစ် ဇွန်လမှ ၂၀၀၄ခုနှစ် ဇန်နဝါရီလအထိ အီရတ်တွင် ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုများ

လန်ဒန် ဇန်နဝါရီ ၉

အီရတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများနှင့် သေဆုံး၊ ဒဏ်ရာရသူများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ဇွန် ၃၀ ရက်	။ ။	ဖော်လူဂျာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်နိုင်ငံသား ကိုးဦးသေဆုံးခဲ့သည်။
ဇူလိုင် ၅ ရက်	။ ။	ရာမာဒီမြို့တွင် ရဲတပ်ဖွဲ့သင်တန်းဆင်းပွဲ၌ ပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်ရဲတပ်ဖွဲ့ဝင်သစ် ခုနစ်ဦး သေဆုံးခဲ့သည်။
ဩဂုတ် ၇ ရက်	။ ။	ဘဂ္ဂဒက်မြို့ ဂျော်ဒန်သံရုံးပြင်ဘက်တွင် ထရပ်ကားဗုံး ပေါက်ကွဲသဖြင့် လူ ၁၇ ဦး သေပြီး လူ ၆၀ ကျော် ဒဏ်ရာရသည်။
ဩဂုတ် ၁၆ ရက်	။ ။	ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ အဘူဂရစ်အကျဉ်းထောင်ကို ဗုံးဖောက်ခွဲသဖြင့် အီရတ်ခြောက်ဦး သေပြီး ၅၉ဦး ဒဏ်ရာရရှိသည်။
ဩဂုတ် ၁၉ ရက်	။ ။	ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို အသေခံကားဗုံးဖောက်ခွဲသဖြင့် ကုလသမဂ္ဂ ထိပ်တန်းသံတမန် ဆာဂျီယိုဒီမဲလို အပါအဝင် ၂၂ဦး သေဆုံးခဲ့သည်။
ဩဂုတ် ၂၉ ရက်	။ ။	နာဂျက်ဖ်မြို့၌ ကားဗုံးဖောက်ခွဲသဖြင့် ရှီးယားခေါင်းဆောင် အယာတိုလာ မိုဟာမက် ဘာကာအယ်ဟာကင် အပါအဝင် အနည်းဆုံး ၈၃ဦး သေဆုံးပြီး ၁၇၅ဦး ဒဏ်ရာရသည်။
အောက်တိုဘာ ၉ ရက်	။ ။	ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း ဆာဒါမြို့နယ် ရဲစခန်းကို အသေခံဗုံးခွဲသူ နှစ်ဦးက ဗုံးခွဲတိုက်ခိုက်ရာ အီရတ်ရှစ်ဦး သေဆုံးသည်။
အောက်တိုဘာ ၁၂ ရက်	။ ။	ဘဂ္ဂဒက်မြို့ လမ်းမကြီးပေါ်ရှိ ဘဂ္ဂဒက်ဟိုတယ်ပြင်ပတွင် ဗုံးပေါက်ကွဲသဖြင့် အီရတ်ခြောက်ဦး သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိသည်။
အောက်တိုဘာ ၂၇ ရက်	။ ။	ဘဂ္ဂဒက်မြို့တွင် အသေခံဗုံးခွဲသူများက လေးကြိမ်တိုင် ဗုံးခွဲတိုက်ခိုက်သဖြင့် ကြက်ခြေနီ အဆောက်အအုံနှင့် ရဲစခန်းသုံးခုအနီးတွင် အနည်းဆုံး၃၅ဦးသေဆုံးပြီး ၂၃၀ ဦး ဒဏ်ရာရသည်။
နိုဝင်ဘာ ၁၂ ရက်	။ ။	နာဆရီယာမြို့တွင် ကားဗုံးဖောက်ခွဲသဖြင့် အီတလီလူမျိုး ၁၉ ဦးနှင့် အီရတ်ကိုးဦး အပါအဝင် အနည်းဆုံးလူ ၂၈ ဦး သေဆုံးသည်။
နိုဝင်ဘာ ၂၂ ရက်	။ ။	ဘာကူဘာမြို့ ရဲဌာနချုပ်အပြင်ဘက်နှင့် ခါဘာနီဆက်မြို့အနီး ရဲစခန်းတို့တွင် အသေခံဗုံးဖောက်ခွဲသဖြင့် အနည်းဆုံးလူ ၁၈ ဦး သေဆုံးသည်။
ဒီဇင်ဘာ ၉ ရက်	။ ။	မိုဆူးလ်မြို့ တပ်စခန်းအနီးတွင် အသေခံကားဗုံးခွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၄၁ ဦး ဒဏ်ရာရသည်။ ထို့ပြင် ဘဂ္ဂဒက်မြို့တွင်၌ ကားဗုံးဖောက်ခွဲသဖြင့် လူသုံးဦး သေဆုံးသည်။
ဒီဇင်ဘာ ၁၄ ရက်	။ ။	အီရတ်နိုင်ငံ အနောက်ပိုင်း ခါလီဒီယာမြို့ ရဲစခန်းကို ကားဗုံးဖောက်ခွဲသဖြင့် အနည်းဆုံး ၁၇ဦး သေဆုံးပြီး ၃၃ဦး ဒဏ်ရာရသည်။
ဒီဇင်ဘာ ၁၅ ရက်	။ ။	ဘဂ္ဂဒက်ရဲစခန်းနှစ်ခုကို အသေခံကားဗုံးဖောက်ခွဲသဖြင့် အသေခံဗုံးခွဲသူ နှစ်ဦးအပါအဝင် လူကိုးဦးသေဆုံးပြီး လူ ၃၀ ဒဏ်ရာရသွားသည်။
ဇန်နဝါရီ ၉ ရက်	။ ။	ဘာကူဘာမြို့တွင် ဗုံးဖောက်ခွဲသဖြင့် အနည်းဆုံး သုံးလေးဦးသေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရသွားသည်။

အင်တာနက်။

ကင်ဆာရောဂါဖြင့် မသေခဲ့သည့် အမေရိကန်ရဟတ်ယာဉ်မှူး အီရတ်နိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျရာတွင် သေဆုံးခဲ့ရ

ဝါရှင်တန် ဇန်နဝါရီ ၁၀

ကင်ဆာရောဂါနှင့်လည်း အသက်မသေခဲ့၊ ဆိုမာလီစစ်ပွဲတွင်လည်း အသက်မသေခဲ့သည့် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်မှူး အေရွှန်ဝီဘာသည် အီရတ်နိုင်ငံတွင် ရဟတ်ယာဉ်ပျက်ကျခဲ့စဉ်က သေဆုံးသွားခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်ကိုးဦး၌ ပါဝင်ခဲ့ကြောင်း ၎င်း၏ မိသားစုက သောကြာနေ့တွင် ပြောကြားသည်။

အရာခံဗိုလ်အေရွှန်ဝီဘာသည် ကင်ဆာရောဂါခံစားနေရာမှ ပြန်လည် ကောင်းမွန်လာပြီး ဖို့ဘရက်တွင် တာဝန်အရနေထိုင်ပြီး ၎င်း၏ တပ်ဖွဲ့သည် အီရတ်နိုင်ငံသို့ ရွှေ့ပြောင်းလာသည်။

အေရွှန်ဝီဘာသည် ကင်ဆာရောဂါကို ခွဲစိတ်ကုသပြီးသည့်နောက် ကျန်းမာရေး ပြန်လည်ကောင်းမွန်စေရန် စိုက်လိုက်မတ်တတ် ကြိုးပမ်းရင်း အီရတ်နိုင်ငံတွင် ရဟတ်ယာဉ်မှူးအဖြစ် တာဝန်ပေးခံခဲ့ရကြောင်းဖြင့် ၎င်း၏ဖခင် မိုက်ဝီဘာက ပြောကြားသည်။

အမှတ်(၈၂)လေကြောင်းချီတပ်မမှ အေရွှန်ဝီဘာသည် ကြာသပတေးနေ့က ပစ်ချခံရသည့် ဘလက်ဟော့ခ်ရဟတ်ယာဉ်တွင် ခရီးသည်အဖြစ် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ အဆိုပါရဟတ်ယာဉ်သည် ရော့ကက်ဒုံးကျည် ထိမှန်သွားခြင်း ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

ဇန်နဝါရီ ၁၀ရက်က အီရတ်နိုင်ငံတစ်ဝန်းတွင် လက်နက်ရှာဖွေမှုများ ပြုလုပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒုတိယကမ္ဘာစစ်မှစ၍ မျက်မှောက်ကာလအထိ စစ်ပွဲအလိုက် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်စာရင်း

ဝါရှင်တန် ဇန်နဝါရီ ၁၀

ဒုတိယကမ္ဘာစစ်ကာလမှသည် မျက်မှောက်ကာလအထိ ဖြစ်ပွားသော စစ်ပွဲများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်စာရင်းကို အေပီသတင်းဌာနက လေ့လာပြုစုပြီး အောက်ပါစာရင်းအတိုင်း ဖော်ပြခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလ	တပ်ဖွဲ့ဝင်အသေအပျောက်ဦးရေ အနည်းဆုံး	၂၉၀၀၀၀
ကိုရီးယားစစ်ပွဲကာလ	တပ်ဖွဲ့ဝင်အသေအပျောက်ဦးရေ အနည်းဆုံး	၃၃၆၀၀
ဗီယက်နမ်စစ်ပွဲကာလ	တပ်ဖွဲ့ဝင်အသေအပျောက်ဦးရေ အနည်းဆုံး	၅၈၀၀၀
လက်ဘနွန်စစ်ပွဲကာလ	တပ်ဖွဲ့ဝင်အသေအပျောက်ဦးရေ အနည်းဆုံး	၂၄၁
ဂရင်နေဒါစစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၁၆
ပနားမားစစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၂၁
ပင်လယ်ကွေ့စစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၃၁၅
ဆိုမာလီစစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၂၅
ကိုဆိုဗိုစစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၀
အာဖဂန်စစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၉၉
အီရတ်စစ်ပွဲကာလ	သေဆုံးတပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး	၄၉၄

အင်တာနက်။

လွတ်လပ်ရေး အရသာ

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

အချုပ်အခြာအာဏာပိုင်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ဝေဟင်မှာ ပျံသန်းနေတဲ့ မြန်မာ့လေကြောင်းပိုင် လေယာဉ်ပျံနဲ့ ကျွန်တော် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ကို ၂၅-၁၂-၂၀၀၃နေ့က ခရီးစထွက်ခဲ့ပါတယ်။ ဟဲဟိုးလေဆိပ်မှာ ခေတ္တရပ်နားစဉ်ကလည်း နိုင်ငံတော်ရဲ့ အလံက နံနက်လေအေးမှာ တလွင့်လွင့်၊ တာချီလိတ် လေဆိပ်မှာလဲ အလံတော်က ကောင်းကင်ပြာနှင့် စိမ်းလန်းတဲ့ တောင်တန်းတွေကို နောက်ခံထားပြီး ဝင့်ကြွားစွာ တလွင့်လွင့်ပါ။ ကျွန်တော် ဝမ်းသာဂုဏ်ယူနေမိတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သား တစ်ဦးအနေနဲ့ ဝမ်းသာဂုဏ်ယူနေခြင်းဖြစ်ပါတယ်။ လွတ်လပ်ရေးအရသာကို ကျွန်တော်နှစ်သက်မြတ်နိုးစွာ ခံစားနေရပါတယ်။

ကျွန်တော် ၁၉၈၅ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ခင်းကို ပြန်လည်သတိရမိပါတယ်။ အဲဒီနေ့ နံနက် ၉ နာရီ ၁၅ မိနစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ကင်ဘာရာမြို့မှာ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ဆီ ကျွန်တော့် သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့ပါတယ်။ ကိုယ်ရံတော်တပ် အလေးပြုခြင်းကို ခံယူရပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းကို ဘင်ခရာတီးဝိုင်းက တီးမှုတ်ပြီး နိုင်ငံတော်အလံကို အလေးပြုကြတဲ့အခါ နိုင်ငံတော်ရဲ့ ကျေးဇူးကို သတိရမိပါတယ်။ မိမိကို ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘဆရာများရဲ့ ကျေးဇူးကို အောက်မေ့မိပါတယ်။

တိုက်ဖျက်ရေးနဲ့ နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ပေါ်လာတဲ့ စီမံကိန်းဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုကို ပြသတဲ့အနေနဲ့ ထိုင်းနိုင်ငံက ဘတ်သန်း ၂၀ ထည့်ဝင်ပါတယ်။ ဒါကြောင့် ယောင်ခကျေးရွာဟာ နှစ်ပြည်ထောင်ချစ်ကြည်ရေးမှတ်တိုင် တစ်ခုလို့ဆိုရမှာ ဖြစ်ပါတယ်။

နှစ်ပြည်ထောင်ချစ်ကြည်ရေးကို အလေးထားတဲ့ အနေနဲ့ မြန်မာဘက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချမ်းတို့ ဒီအခမ်းအနားကို တက်ရောက်ပါတယ်။ ထိုင်းနိုင်ငံဘက်က ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ပီချာမက်မံမနီနဲ့ ဗိုလ်ချုပ်များ၊ စီမံကိန်းတာဝန်ခံ မင်းသားကြီး မစ္စတာ ဒီဒစ်စ်ကာလ်နဲ့ အရာရှိကြီးများ စိတ်အားထက်သန်စွာဖြင့်တက်ရောက်လာကြပါတယ်။ နှစ်နိုင်ငံရဲ့ ကားတန်းများ ချစ်ကြည်ရေးတံတားအနီးမှာ ဆုံတွေ့ပြီးတော့ တာချီလိတ်

အသောက်များနဲ့ ဧည့်ခံကျွေးမွေးကြပါတယ်။ ကျွန်တော်နဲ့ တစ်စားပွဲတည်းအတူကျတဲ့ ထိုင်းဗိုလ်ချုပ်များနဲ့ ခင်မင်ရင်းနှီးစွာ စကားပြောဆိုရင်း ရယ်မောနေကြရပါတယ်။ ထိုင်းဝန်ကြီးချုပ်ရုံးက ညွှန်ကြားရေးမှူး မစ္စနီနမ်နဲ့လည်း ဒီစီမံကိန်းအကြောင်းကို ပြောဆိုဆွေးနွေးကြပါတယ်။ ကျွန်တော်က သူတို့ရန်ကုန်ရောက်ရင် တွေ့ဆုံရအောင် ဖိတ်ကြားခဲ့တော့ သူတို့က ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြပါတယ်။ ထိုင်းတို့က မြန်မာကို လေးစားကြပါတယ်။ မြန်မာက အစဉ်အလာကြီးမားတဲ့ သမိုင်းရှိတဲ့ လူမျိုးပါ။ ကျွန်တော်တို့ တစ်တွေ ဆက်လက်စောင့်ထိန်းသွားရပါလိမ့်မယ်။

ဒီခရီးတစ်လျှောက်မှာ လွတ်လပ်ရေးအရသာကို တသိမ့်သိမ့်၊ တစိမ့်စိမ့် ပီတိအပြည့်နဲ့ ကျွန်တော် ခံစားနေရပါတယ်။ ကျွန်တော်ဟာ ကိုလိုနီခေတ်နဲ့ ဂျပန်တို့ ဝင်ရောက်သိမ်းပိုက်တဲ့ ခေတ်တွေကို မီခဲ့တာမို့ မလွတ်လပ်တဲ့ သူ့ကျွန်ဘဝမှာ နှိပ်စက် နှိမ့်ချဆက်ဆံမှု၊ ဖိနှိပ်ချုပ်ချယ်မှုတို့ကို ခံစားသိရှိခဲ့ပါတယ်။ လွတ်လပ်ရေးရတဲ့အခါ လွတ်လပ်တဲ့ ပြည်ထောင်စုသားအနေနဲ့ ဂုဏ်သိက္ခာနဲ့ အခွင့်အရေးတို့ကို ခံစားရပါတယ်။ ဒါ့ကြောင့် ခြားနားချက်ကို ကောင်းစွာသိရှိ နားလည်ထားပါတယ်။ လွတ်လပ်ရေးရဲ့တန်ဖိုးကို မြတ်နိုးမိပါတယ်။ ဒါ့ကြောင့် လွတ်လပ်ရေးအရသာကို ခံစားနေရခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လွတ်လပ်ရေးရအောင်နဲ့ လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရင်း အသက်စွန့်ခဲ့ကြတဲ့ တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများရဲ့ ကျေးဇူးကို သတိရနေမိပါတယ်။ သူတို့ကျေးဇူးကြောင့် ကျွန်တော်တို့တစ်တွေ လွတ်လပ်တဲ့ ပြည်ထောင်စုသားများအနေနဲ့ ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ကြခြင်း ဖြစ်ပါတယ်။ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရပါတယ် သူရဲကောင်းများ ခင်ဗျား။

ဒီနေရာမှာ ကျွန်တော်မော်စကိုမြို့မှာ ယဉ်ကျေးမှုရေးရာ သံမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ရုရှားမိတ်ဆွေများ ပြောတာကို သတိရမိပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးတုန်းက နာဇီတပ်များ လီနင်ဂရက်မြို့ကို ရက်ပေါင်း ၄၀၀ကျော် ဝိုင်းပြီးတိုက်စဉ် သူတို့လွတ်လပ်ရေးမဆုံးရှုံးရအောင် အနိုင်မခံတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ အငတ်ငတ်အပြတ်ပြတ်၊ ဒုက္ခမျိုးစုံခံပြီး ရန်သူကိုပြန်လည်ခုခံ တိုက်ထုတ်ခဲ့သူများ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးမှာ ပြည်သူ၊ ပြည်သား သန်းပေါင်း ၂၀ကျော် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ပေါင်မုန့် ညိုလေးတစ်ချပ်ရဲ့ တန်ဖိုးကို ကောင်းစွာသိရှိတန်ဖိုးထားခဲ့ပါတယ်။ သူတို့တစ်တွေ နိုင်ငံတော်ရဲ့ လွတ်လပ်ရေး တည်တံ့ခိုင်မြဲအောင် အနစ်နာခံကာကွယ်ခဲ့တာကို သူတို့ သားသမီးများ သိနားလည်စေလိုကြောင်း ပြောပါတယ်။ သူတို့အသက်သွေးချွေး မြောက်မြားစွာ စတေးပြီး ရင်းခဲ့ရလို့ တည်တံ့ခဲ့တဲ့ လွတ်လပ်ရေးရဲ့တန်ဖိုးနှင့် အရသာကို သူတို့သားသမီးတွေ ခံစားစေလိုကြပါတယ်။

ကျွန်တော် ချစ်ကြည်ရေးတံတားကိုဖြတ်ပြီး မဲဆိုင်မြို့ တောင်ကုန်းပေါ်မှာ အလောင်းဘုရားမင်းတရားကြီး တည်ထားခဲ့တဲ့ စေတီကို တက်ရောက်ဖူးခဲ့ပါတယ်။ တောင်ပေါ်က ကြည့်တော့ တာချီလိတ်မြို့နဲ့ မဲဆိုင်မြို့တို့ သာယာအေးချမ်းစွာ ယှဉ်တွဲတည်ရှိနေတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့အလံက ဝင့်ကြွားစွာ တလူလူ တလွင့်လွင့်နဲ့မို့ ကျွန်တော့်အနေနဲ့တော့ လွတ်လပ်ရေး အရသာကို ဂုဏ်ယူစွာ ခံစားနေမိပါတယ်။ ။

‘ဝ’တိုင်းရင်းသားများ ကြိုဆိုကပြနေကြစဉ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံဖြစ်လို့ ကျွန်တော် သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခွင့်ရခြင်းဖြစ်ပါတယ်။

ဒီလို နှစ်နှစ်ကာကာ လွတ်လပ်ရေးအရသာကို အောက်မေ့စဉ်းစား ခံစားမိပါတယ်။ အခုလည်း မြန်မာနိုင်ငံတော်နဲ့ ထိုင်းနိုင်ငံတို့ ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်နေတဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာစီမံကိန်းရဲ့ ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနား ၁၆-၁၂-၂၀၀၃နေ့က ကျင်းပရာ ဒီအခမ်းအနားကို ပြည်ထောင်စုသား တစ်ဦးအနေနဲ့ တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်း

ကနေ မိုင် ၃၀ကျော်ဝေးတဲ့ ယောင်ခရွာလေးကို အတူတူ ခရီးထွက်ခဲ့ကြပါတယ်။ မြေလမ်းမို့ အတော်လေးကြမ်းပါတယ်။ ချစ်ကြည်ရေးခရီးမို့ အတော်ပင် ထိရောက် အရေးကြီးပါတယ်။

ယောင်ခရွာအဝင်ကနေ ဆေးရုံနဲ့ စာသင်ကျောင်းအထိ ဒေသခံ‘ဝ’တိုင်းရင်းသားများက အားရဝမ်းသာ ကြိုဆိုနေကြပါတယ်။ နှစ်နိုင်ငံအလံများကို ဝှေ့ယမ်းနေကြပါတယ်။ သူတို့အတီးနဲ့ကခုန် ကြိုဆိုနေကြတာ တွေ့တော့ ကျွန်တော်တို့တစ်တွေ အပန်းပြေသွားကြပါတယ်။ သူတို့လိုပဲ ကျွန်တော်တို့ဝမ်းသာပျော်ရွှင်သွားပါတယ်။ ပြည်ထောင်စုသားများရဲ့ အောင်ပွဲဖြစ်ပါတယ်။

အခမ်းအနားအပြီးမှာ သူတို့ စိုက်ပျိုးမွေးမြူရေး ခြံထွက်အသီးအနှံ၊ သားငါးများနဲ့ ချက်ပြုတ်ထားတဲ့အစား

ပင်လုံတက္ကသိုလ်ဘွဲ့

ဘဒ္ဒကပ်မြေ၊ မြန်ရွှေပြည်ဝယ်၊
တေဇာဘုန်းလျှံ၊ အောင်မြေမှန်သည့်၊
မြေကြန်ဒေသ၊ ဂုဏ်ပေါင်းခရင့်၊
မြို့လှပင်လုံ၊ မွေးပျံ့ထုံသား၊
နွယ်စုံသွေးချင်း၊ ညီနောင်ရင်းတို့၊
ရိုင်းပင်းချစ်ကြည်၊ သန္ဓေတည်သည့်၊
အောင်စည်ဆော်ရွမ်း၊ နိမိတ်ထွန်း၍၊
မော်ကွန်းစိုက်ထူ၊ အောင်တိတ်ယူခဲ့၊
ဇမ္ဗူတစ်လွှား၊ ပြည်ထောင်ဖွားတို့၊
စိတ်ထားခိုင်ကျည်၊ မြဲချစ်ကြည်လျက်၊
အရှည်တည်တံ့၊ မြဲခိုင်ခံ့အောင်၊
သင်းပျံ့ကွန်းခို၊ ပင်လုံတက္ကသိုလ်ဟု၊
ကြည်ညိုအားထား၊ တိုင်းရင်းသားတို့၊
ဝင့်ကြွားနိုင်ပြီ၊ စည်းလုံးညီရှင့်၊
မြန်ပြည်သတင်း၊ ဂုဏ်ရောင်လင်းသား၊
ခပင်းပြည်သူ၊ ချစ်ကြည်ဖြူ၍၊
လွှင့်ထူအောင်လံ၊ မိုးသို့ပျံသား၊
ဝင်းလျှံအောင်ဟိတ်၊ အောင်နိမိတ်နှင့်၊
အောင်ဟိတ်ဩဘာ၊ ဂုဏ်ပြုပါသည်၊
ပညာနေသို့ လင်းစေသော်၊
ကမ္ဘာမြေသို့ ဝင်းစေသော်၊
ကြေညာဝေလို့ သင်းစေသော်။ ။

(၁၈-၁၂-၂၀၀၃ နေ့တွင် တစ်နှစ်ပြည့်မည့် ပင်လုံတက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားသို့ ဂုဏ်ပြုရည်စူးလျက်)

ယုဝတီကဗျာရှင်
တက္ကသိုလ်နွယ်သဇင်

Winner International Sports Service
အားကစားပဒေသာဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၆၃၈-၃၇၁၃၅ကျင်းပရာ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(က-ပ)

နှလုံးအိမ်မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

နှလုံးအိမ်မဂ္ဂဇင်း (Heart) အတွဲ (၁)၊ အမှတ်(၇)၊ ဇန်နဝါရီလထုတ်ကို အမှတ် ၇၃၊ ဒုတိယထပ်၊ ၅၀၊ ၅၁ လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ Fairy Land Media မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ **(ဝဲပုံ)**

ထည့်သွင်းဖော်ပြထား

အဆိုပါ မဂ္ဂဇင်းတွင် ၂၀၀၂ ခုနှစ် ရွှေရတု အကယ်ဒမီ မြင်ကွင်းစုံ အချပ်ပိုများ၊ ခင်ဇာခြည်ကျော်နှင့် အခြားအနုပညာရှင်များ၏ အင်တာဗျူးများ၊ အရွယ်တင်နုပျိုခြင်းနှင့် ဆံကေသာအလှ၏ လျှို့ဝှက်ချက်၊ အဝလွန်သူများရဲ့ ဒုက္ခ၊ အနုပညာနှင့် ဖန်တီးသူ၏ စက်ဝိုင်းခရီး၊ ပြောချင်လို့ ဖတ်ထားတာ၊ လူသားအတွက်ကဗျာ၊ အင်ပရက်ရှင်နစ်ပန်းချီဝါဒ၊ မော်ဒန်ရုပ်ရှင်နိဒါန်း၊ ပျက်အစဉ် ပြင်မရ ဂျက်ဆင်ဘဝ၊ ဘောလုံးကြယ်ပွင့်ဝိန်းရွန်နီ၊ (၅၃) ကြိမ်မြောက် မယ်ကမ္ဘာပြိုင်ပွဲစသည့် သုတ၊ ရသ၊ အလှအပရေးရာများ အပြင် မြမြင့်မိုရ်၊ သျှင်ထွေးဟန်၊ ပီနော့နွှာတို့၏ ဝတ္ထုများနှင့်တကွ လစဉ်ပါနေကျ ဖြစ်သည့် ကဗျာ၊ ဖေဒင်၊ ရင်ခုန်နှုသစ်၊ ချစ်ခြင်း၊ စည်းချက်ညီ စုံတွဲအလှ ဓာတ်ပုံပြိုင်ပွဲများလည်း ထည့်သွင်း ဖော်ပြထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
(က) ဒုတိယနှစ်(သမိုင်း)
(ခ) ဒုတိယနှစ်(ဒဿနိကဗေဒ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ခြင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ညီအစ်မလေးဖော် (အပိုင်း-၁၆)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး (အပိုင်း-၁၇)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

လွတ်လပ်ရေးတိုက်ပွဲက ပေါ်ပေါက်လာတဲ့ သူ့ကျွန်မခံ မျိုးချစ်ဇာတိမာန်

အောင်မိုးစံ

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ဟာ မြန်မာ့လွတ်လပ်ရေးကြီးကို စုပေါင်းလုံ့လပြုမှု၊ ဝါယမစိုက်ထုတ်မှုများဖြင့်သာ ဆောင်ယူလာခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေးပြန်လည်ရရှိဖို့အတွက် တိုင်းရင်းသား ပြည်သူတွေရဲ့ အသက်၊ သွေး၊ချွေး၊ မျက်ရည်တွေနဲ့ နှစ်ပေါင်းများစွာ ရင်းနှီးတိုက်ပွဲဝင်လာခဲ့ရတာဖြစ်ပါတယ်။ ဆက်လက်ပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ တပ်မတော်နဲ့ ခိုင်မြဲစွာ လက်တွဲထိန်းသိမ်းကာကွယ်လာခဲ့ကြတာဖြစ်ပါတယ်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ၁၉၃၀ ပြည့်နှစ် မြန်မာ့နယ်ချဲ့ဆန့်ကျင်ရေး တပ်ဦးသဖွယ်ဖြစ်တဲ့ ဂျီစီဘီအေအသင်းကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပြီးနောက် ပေါ်ပေါက်လာခဲ့တဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် ဆောင်ပုဒ်အချို့ကတော့–

လာမည့်ဘေး – **ပြေးတွေ့**
ဘေးနဲ့ကြုံ – **ရဲဂုဏ်ပြ**
သေလျှင်မြေကြီး – **ရှင်လျှင်ရွှေထီး**
ကျွန်ဘဝကို – **စက်ဆုပ်ကြ**
ဒါတို့ပြေ ဒါတို့မြေ ဆိုတာတွေ ဖြစ်ပါတယ်။

ဒါတွေဟာ အရှိန်အဟုန်ရလာတဲ့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲရဲ့ ကြွေးကြော်သံလဲဖြစ်ပါတယ်။ ဆရာစံ အရေးတော်ပုံ မပေါ်ခင် ငါးနှစ်လောက်ကဖြစ်တယ်။ ၁၉၂၅–၂၆ ခုနှစ်မှာ သန်လျင်မြို့ ဘောလုံးကွင်းရပ်ရှင်ရုံအတွင်း ဇာတ်ပွဲတစ်ခု ရက်ရှည်လာကပြတယ်။ ဒီပွဲမှာ ကျော်ကြားလှတဲ့ စာရေးဆရာ နန်းတော်ရှေ့ဆရာတင် ဦးဆောင်ပြီးပါလာတယ်။ သူက မြင်ရသလောက်ဆိုရင် နဖူးမောက်မောက်၊ နှာရောင်ကောက်ကောက်၊ အရပ်ခပ်ပုပုနဲ့ ဗန္ဓုလအဝတ်အစားကို ဝတ်ထားတယ်။ ကိုင်ထားတဲ့ ငှက်ကြီးတောင်ဓားကြီးကလည်း တလက်လက်၊ သူ့ပုံနဲ့မကိုက်ညီအောင်ကြီးပါတယ်။ သူဆိုတဲ့သီချင်းနဲ့ ဆိုင်းဟာငြိမ့်ညောင်းသာယာပြီး ရှေးခေတ်ကို အောက်မေ့ဖွယ်၊ ဇာတိမာန်တက်ကြွဖွယ် သီချင်းဖြစ်တယ်။ ဒီသီချင်းကတော့–

“အမျိုးသားများကို ဝမ်းနည်းပက်လက် နှိပ်စက်ဖွယ်မရှိစေ၊
အမျိုးသမီးများကို ဝမ်းနည်းပက်လက် နှိပ်စက်ဖွယ်မရှိစေ၊
နန်းတော်ရှေ့–နန်းတော်ရှေ့ ဆရာတင်စီရေး ရှေ့အချိန်တွေ၊
နန်းတော်ရှေ့–နန်းတော်ရှေ့ ဆရာတင်စီရေး၊
ရှေးရှေးက အချိန်တွေ၊ တွေ့ရလိမ့်လေး၊
တို့ပြည်၊ တို့မြေ၊ တို့အမွေ၊ ဗန္ဓုလ၊ ဗန္ဓုလ၊ ဗန္ဓုလမဟာဆွေ၊
ကမ္ဘာကြေသော်လည်း မြန်မာတွေဥဒါန်းမကျေ။”

အဲဒီသီချင်းကို အတီးတစ်ပိုဒ်၊ အဆိုတစ်ပိုဒ်ဆိုသွားရင်း စပ်ကြားမှာ ဇာတိသွေး၊ ဇာတိမာန် တက်ကြွဖွယ် စကားပြေများကိုညှပ်ပြီး ပြောသွားတယ်။

အဲဒီသီချင်းဟာ တို့မြန်မာသီချင်းထက်လဲ ၄၊၅၊၆ နှစ်တောင် စောတဲ့ အမျိုးသားသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ နန်းတော်ရှေ့ဆရာတင်က ဒီသီချင်းကို ဗန္ဓုလဝတ်စုံကိုဝတ်လို့ ငှက်ကြီးတောင်ဓားကို ဝင့်ကာဝင့်ကာနဲ့ကိုင်ပြီး သီချင်းဆိုရင်း ဓားကြီးကို ဇာတ်စင်ပေါ်က ဖျာပေါ်ဖြန်းခနဲ ထိုးပစ်ချလိုက်သံကြားရတော့ စာရေးသူဟာ ကျောရိုးတစ်လျှောက်လုံး ဖြန်းခနဲ၊ ဖြန်းခနဲနဲ့ ကြက်သီးတွေထပြီး ကုတ်မွေးတွေတောင် ထလာသလားလို့ ထင်ရလောက်အောင် ဇာတိသွေး၊ ဇာတိမာန်နဲ့ ဒေါသမီးတွေထမိခဲ့တယ်။ အဲဒီအချိန်ကစပြီး အမျိုးသားရေးစိတ်ဓာတ်ဟာ စာရေးသူရဲ့နှလုံးသားမှာ ကိန်းအောင်းလာခဲ့တယ်။

(၁) လူလားမြောက်ပြီး ဘဝရဲ့ အသက်မွေးဝမ်းကျောင်းအတွက်အလုပ်သမားလောကထဲ ရောက်တယ်ဆိုရင်ပဲ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲရဲ့ စည်သံမောင်းသံတွေဟာ မြန်မာ့ပထဝီမြေလွှာ အထပ်ထပ်ကို တုန်ခါစေခဲ့ပါတယ်။

(၂) အလုပ်သမားလောကထဲမှာ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ဖိနှိပ်မှုတွေကို သိအောင်၊ မြင်အောင်၊ ကြားအောင် ဒီမြန်မာ့လွတ်လပ်ရေးတိုက်ပွဲ စည်သံမောင်းသံကြီးတွေက တီးခတ်ပြခဲ့ပါတယ်။

စာရေးသူရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို ကျောက်စိုင်၊ ကျောက်ခဲပမာ မာကျောအောင် အခြေခံကျကျ တည်ဆောက်ပေးနိုင်တဲ့ အကြောင်းအရင်းကတော့ ဆရာစံကိစ္စပါပဲ။

ဆရာစံဟာ မြန်မာလယ်သမားတွေကို ခေါင်းဆောင်ပြီး နယ်ချဲ့ကို တော်လှန်ခဲ့တယ်။ လယ်သမားအရေးတော်ပုံ ရှုံးနိမ့်လာတဲ့အခါ မြန်မာပြည်အရပ်ရပ်ကို လှည့်လည်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံကို စည်းရုံးသိမ်းသွင်းလို့ လူအင်အားဖြည့်တင်းဖို့ ကြိုးစားခဲ့တယ်။ အဲဒီအချိန်မှာ ရှမ်းပြည်နယ်တစ်နေရာမှာ ငှက်ဖျားမိပြီး မကျန်းမမာဖြစ်ခဲ့တယ်။ ဒါကိုသိတဲ့ အင်္ဂလိပ်အလိုတော်ရိတွေက ဆရာစံကို အလွယ်တကူ ဖမ်းနိုင်သွားတယ်။ ပြီးတော့ တရားစွဲပြီး ကြိုးပေးသတ်ခဲ့တယ်။ အဲဒီတုန်းက အင်္ဂလိပ်နယ်ချဲ့အစိုးရ လက်ပါးစေတွေက ဆရာစံကို သူတို့ချိုးနှိမ်ခဲ့တာနဲ့ပတ်သက်ပြီး သူတို့ပြောသံဆိုသံကြားရတဲ့အခါ ဒေါသဖြစ်မိတယ်။ မခံချင်စိတ်တွေလည်း ဖြစ်ပေါ်လာတယ်။ ငါတို့ခေတ် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်တဲ့အခါ ဆရာစံလိုကြမ္မာမျိုး မကြုံရလေအောင် ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားကြတယ်။ အဖြေကတော့ ကိုယ်ရေးကြုံရင် သက်လုံကောင်းရမယ်ဆိုတဲ့ ဆောင်ပုဒ်ကို စာရေးသူတို့ ရရှိလိုက်တယ်။

သုခချမ်းသာခြင်း၊ ဒုက္ခဆင်းရဲခြင်းဆိုတာတွေကို နိုင်ငံရေး အမြင်ဘက်ကကြည့်ရင် ဘယ်လိုမြင်သလဲ၊ သင်ဘယ်လိုရှင်းမလဲဆိုတဲ့ပြဿနာဟာ အလွန်လေးနက်တယ်။ အဲဒီပြဿနာကို တို့မြန်မာ အစည်းအရုံးဝင်တွေသို့မဟုတ် တို့မြန်မာအစည်းအရုံးက ဘယ်လိုမြင်သလဲ၊ ဘယ်လိုယူဆသလဲ၊ ဘယ်လိုရှင်းခဲ့သလဲဆိုရင် သုခချမ်းသာခြင်းကို လူမျိုးမလွတ်လပ်ရင်၊ နိုင်ငံ လွတ်လပ်ခွင့်မရှိရင် ဘယ်တော့မှမရနိုင်ဘူး။ ဒုက္ခဆင်းရဲခြင်းကိုသာ ရနိုင်တယ်။ အဲဒါကြောင့် လူမျိုးလွတ်လပ်မှသာ၊ နိုင်ငံလွတ်လပ်မှသာ ဒုက္ခဆင်းရဲ ကင်းမယ်လို့ ခံယူကြတယ်။ အဲဒီ ခံယူချက်အတိုင်းလည်း လူမျိုးလွတ်လပ်မှု ပထမဆိုတာကို ထပ်တလဲလဲ ကြွေးကြော်ခဲ့တယ်။ နိုင်ငံလွတ်လပ်မှုကို ကိုယ့်လွတ်လပ်မှုနဲ့ ထပ်တူထားပြီး အသက်သွေးချွေးနဲ့ ဆောင်ရွက်ခဲ့ကြတယ်။

ဒီကနေ့လို လွတ်လပ်ရေးရွှေရတုလွန်ကာလမှာ ဂလိုဘယ်လိုက်ဇေးရှင်း ခေါ် ကမ္ဘာနဲ့အဝန်း လွှမ်းခြုံဆက်စပ်မှု ဖြစ်စဉ်တွေ ပေါ်ပေါက်လာချိန်ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးလို ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလာချိန်ဖြစ်တဲ့အတွက် တော်သူကယ်၊ မတော်သူပယ် အပြိုင်ကြဲကြတဲ့ ကာလမျိုးလည်းဖြစ်ပါတယ်။

ဒါကြောင့် လွတ်လပ်ရေးတိုက်ပွဲက ပေါ်ပေါက်လာတဲ့ သူ့ကျွန်မခံမျိုးချစ်ဇာတိမာန်ကို ဆက်ခံထိန်းသိမ်းပြီး နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ် အောင်မြင်ရေး၊ စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးတို့အတွက် တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲမဖြုတ်စတမ်း ကြိုးပမ်းဆောင်ရွက်ဖို့ အထူးတလည် နှိုးဆော်တင်ပြလိုက်ရပါတယ်။ ။

ဇန်နဝါရီ ၈ ရက်က ပြည်နယ်နှင့် တိုင်းအခြေခံ ပညာကျောင်း သားဘင်ခရာတီးပြိုင်ပွဲ (ခ) အဆင့်တွင် တီးဝိုင်းခေါင်းဆောင် ပထမဆု ရရှိခဲ့သော အထက(၁) ဒေါပုံအသင်းမှ မောင်တင်မောင်ဝင်းအား ဒေါပုံမြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ရေခဲသေတ္တာနှင့် လေအေးပေးစက် အင်ဂျင်နီယာဖြစ် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

နေဝန်းစက်မှု ကုန်ထုတ်အသင်းမှ City & Guilds (UK) 6161 Series၏ သင်ရိုးညွှန်းတမ်းများဖြင့် အသုံးချ ရေခဲသေတ္တာနှင့် လေအေးစက် (Diploma in Refrigeration & Air Conditioning) အင်ဂျင်နီယာဖြစ် သင်တန်းအမှတ်စဉ် (၂၁)ကို ဇန်နဝါရီ ၁၈ တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ဒီပလိုမာရရှိမည်

ယင်းသင်တန်းတွင် Certificate အဆင့် Module (I)အတွက် နှစ်လနှင့် Diploma အဆင့် Module (II) အတွက် နှစ်လစုစုပေါင်း လေးလကြာ သင်တန်းပို့ချပေးပြီး NVQ Level(3) အဆင့်ရှိ အင်ဂျင်နီယာ ဒီပလိုမာ အောင်လက်မှတ် ရရှိမည်ဖြစ်သည်။

အခမဲ့တက်ရောက်နိုင်

သင်တန်းတွင် စာတွေ့နှင့်လက်တွေ့ကို တစ်ဦးချင်း ကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် (Electrical Installation) ဘာသာရပ်ကို စာတွေ့လက်တွေ့ အခမဲ့တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်ကို ယနေ့မှစ၍ Novel Win Engineering Centre အမှတ်(၇) ဝတ်ကျောင်းလမ်း၊ ရေကျော် ပုဇွန်တောင်မြို့နယ်သို့ တိုက်ရိုက် ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (က–ပ)

ဒီဇင်ဘာ ၂၈ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာဦးကျောင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်က တစ်ဦးချင်း ပေးအပ်စဉ်။ (က–ပ)

ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

Dynamic International Language Academyက ဘွဲ့ရ၊ ဘွဲ့ကြိုများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အင်္ဂလိပ်စာ Special Classes, Spoken English, Grammar. Vocabulary နှင့် IELTS, TOEFL သင်တန်းများ၊ ကလေးများ အင်္ဂလိပ်စာထူးချွန်စေရန်အတွက် (ရေး၊ ဖတ်၊ ပြော၊ သဒ္ဒါ) သင်တန်းများ၊ မူကြိုကလေးများအတွက် အင်္ဂလိပ်၊ မြန်မာ(အရေး၊အပြော) သင်တန်းနှင့် တရုတ်(ရေး၊ဖတ်၊ပြော) အခြေခံသင်တန်းများကိုလည်းကောင်း၊ ကွန်ပျူတာသင်တန်းများကို တစ်ဦးချင်းသင် စနစ်ဖြင့်လည်းကောင်း လစဉ်လဆန်းတိုင်း အသစ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ဘာသာရပ်တစ်ခုစီအလိုက် အိမ်တွင်သီးသန့် သင်ယူလိုသူများအတွက် သက်ဆိုင်ရာ ဆရာ၊ ဆရာမများနှင့် ညှိနှိုင်းသင်ကြားပေးလျက်ရှိရာ စိတ်ဝင်စားသူများသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၆)လမ်း (ထက်)၊ အမှတ် (၁၅၁) မြေညီထပ်၊ ဖုန်း–၂၄၃၅၂၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ရက်က အမက (၂၃) ခန်းမ၌ ကျင်းပရာ အသင်းနာယက ဒေါ်ကြင်လှိုင်က သားကောင်း မိခင် မခင်စန်းရီအား ဆုချီးမြှင့်စဉ်။ (၅၀၆)

တိုင်းရင်းဆေးဝါးသစ်ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးများထုတ်လုပ်သောအဖြူရောင်ဆေးတိုက်မှ အမျိုးသား၊ အမျိုးသမီးအားလုံး သုံးစွဲနိုင်သည့် အင်အား အားဆေးကိုလည်း ထုတ်လုပ်လျက်ရှိပြီး ယင်းဆေးတွင် အင်အား အမှတ်(၁)နှင့် အင်အား အမှတ်(၂)ဟု ဆေးနှစ်ပုလင်းပါဝင်ပြီး စက္ကူတစ်ဘူးတွင် နှစ်ပုလင်းထည့်၍ ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ ယခုထပ်မံ၍ ထူးသွယ်အဆီကျ ကိုယ်လှပိန်ဆေးကို အသစ်ထုတ်၍ ဆက်လက်ဖြန့်ဖြူးလျက်ရှိသည်။

၎င်းဆေးမှာ ဝမ်းမလျှော၊ ဝမ်းမပျက်ဘဲ အချိုးကျလှပစွာ ပိန်စေသည့်အစွမ်းထက် တိုင်းရင်းဆေးတစ်လက်ဖြစ်ပြီး အဖြူရောင်စတိုး အမှတ်(၂၂၀) အနော်ရထာလမ်း (၃၁ လမ်းထိပ်) ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၂၅၄၇၁၃က ဖြန့်ချိထားကြောင်း သိရသည်။ (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး Smoke Ball ကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

★ ကျောဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမစတင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၆နာရီ ၂၅မိနစ်တွင် ရောက်ရှိလာကြပြီး ဂေါက်သီးရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့က Smoke Ballကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း Smoke Ballကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စတင်ယှဉ်ပြိုင်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့အတွဲ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းတို့အတွဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့အတွဲသည် ၂၀၀၃- ၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ကစားကြပြီး ပြိုင်ပွဲဝင်အသင်း (၁၇)သင်းတို့မှ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည်လည်း ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့ နံနက် ၆နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နံနက် ၈နာရီ ၄၅မိနစ်တွင် တပ်မတော်ဂေါက်ကွင်းသို့ ရောက်ရှိလာပြီး ဂေါက်သီးရိုက်ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း (၁၇)သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများက ဆက်လက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

ဆုချီးမြှင့်ပွဲ

၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၅နာရီတွင် တပ်မတော်ဂေါက်ကွင်း ခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား၌ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းက အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၅၅၇ချက်ဖြင့် ပထမဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၇၈ချက်ဖြင့် ဒုတိယဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အသားတင်ရိုက်ချက် ၅၈၁ချက်ဖြင့် တတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းက အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၆၇၄ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်း၊ စုစုပေါင်းရိုက်ချက် ၇၁၂ ချက်ဖြင့် ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၇၃၉ချက်ဖြင့် တတိယဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ဦးချင်း (အကျော့ပေး) ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၂၇ချက်ဖြင့် ပထမဆုရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်တင်ရွှေ၊ အသားတင်ရိုက်ချက် ၁၃၂ချက်ဖြင့် ဒုတိယဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းမှ ဒုတိယ ဗိုလ်မှူးကြီးသန်းလွင်၊ အသားတင်ရိုက်ချက် ၁၃၂ချက်ဖြင့် တတိယဆုရ

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးအား တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးဝင်းဇော်တို့အားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၅၂ချက်ဖြင့် ပထမဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးခင်ဇော်ဝင်း၊ အသားတင်ရိုက်ချက် ၁၆၂ချက်ဖြင့် ဒုတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူး တင်ကိုကို၊ အသားတင်ရိုက်ချက် ၁၆၃ချက်ဖြင့် တတိယဆုရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်တင်ရွှေတို့အားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက (ပါ)အများဆုံးဆုနှင့် (ဘာဒီ)အများဆုံးဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ပြိုင်ပွဲပထမနေ့နှင့် ဒုတိယနေ့တို့အတွက် နေ့အလိုက် တစ်ဦးချင်း(အကျော့ပေး) အကောင်းဆုံးဆုနှင့် တစ်ဦးချင်း(အကျော့မဲ့) အကောင်းဆုံးဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဝေးဆုံးရိုက်ချက်ဆု၊ ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆုနှင့် အကြိုးစားဆုံး အသင်းဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ပေးအပ်သည်။

(အကျော့ပေး)ပြိုင်ပွဲတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းက အသားတင်ရိုက်ချက် ၅၅၇ချက်ဖြင့် ပထမရရှိပြီး (အကျော့မဲ့)ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းက စုစုပေါင်းရိုက်ချက် ၆၇၄ချက်ဖြင့် ပထမရရှိကြသည်။

တံခွန်စိုက်ဆုချီးမြှင့်

ထို့နောက် (အကျော့ပေး)ပြိုင်ပွဲတွင် ပထမရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းတို့သည် ဆုရရှိသည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းတို့မှဂေါက်သီးရိုက်အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၅ ၇။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၁၅ ၇။ အကပဒေသာ
- ၅:၃၀ ၈။ မြန်မာ့ရိုးရာတောဓလေ့ကျေးလက်တေးသံများ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၀၀ ၁၀။ မြန်မာစာမြန်မာစကား
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success In Soccer.
- ၇:၁၀ ၁၅။ ကပ်တဲလ်ကြိုးတံတား
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇:၄၅ ၁၈။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း-၁)
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၂)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

စီးပွားကူးသန်း ရှေ့သို့လှမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်အခြေခံပညာကျောင်းများစာပေ၊ အနုပညာ ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူး၍ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ လှည့်လည်ကြည့်ရှု အားပေးသည်။

ရှေးဦးစွာဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည်နံနက်၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့်ကျပန်းစကားပြော ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးဦးလှသောင်းနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသား၊ ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ တာမွေမြို့နယ် ပညာရေးမှူး ဦးဝမ်းမောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှစိန်နှင့် ဆရာမများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသူများအား လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ်သုံးသောင်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

(၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲများ မစတင်မီ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်တီးဝိုင်းက ရွှေတောင်ပံ၊ ဒို့တပ်မတော်သား၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုစစ်တီးဝိုင်းကအဏ္ဏဝါစစ်သည်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၃၃)ခြေမြန်တပ်မ ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲက ဖန်နေဝန်း၊ မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက ရတခ စစ်သည်တော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၁၁) ခြေမြန်တပ်မ ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက တမခ(၁၁) စစ်သည်တော်၊ ပြည်သူ့တပ်မတော်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီသို့ ဂီတဥယျာဉ် ဦးတင်အေး(ထားဝယ်)က ငွေကျပ် ၃၃၀၀၀တန်ဖိုးရှိ ကလာရီနက်၊ ထရမ်းပက်တီးမှုတ်နည်းနှင့် စစ်ချီသီချင်းစာအုပ် ၆၀ကို ပေးအပ်လှူဒါန်းရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှပြသရုပ်ပြတီးမှုတ်ဖျော်ဖြေကြသည့် ကမာရွတ်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

သားဖွား သင်တန်းကျောင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြု သားဖွားသင်တန်းကျောင်း ဖွင့်လှစ်ထားရှိမှု အခြေအနေများကို တွေ့ရစဉ်။
(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ(ဓမ္မကထိက ဗဟုဇန ဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက)သည် မကွေးတိုင်း ချောက်မြို့နယ် စမ်းစုရွာတွင် ဆင်ယင်ကျင်းပသော (၁၄)ကြိမ်မြောက် တရားစခန်းဓမ္မသဘင်၌ ဇန်နဝါရီ ၁၄ ရက်မှ ၂၁ ရက်ထိ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

လုပ်မှုထူးချွန်တံဆိပ်(တတိယဆင့်)

၂၂၀။ ဒေါ်ဝင်းမွန်သန်း၊ အငယ်တန်း(လက်နှိပ်စက်)၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်သစ်ထုတ်လုပ်ရေးဒေသ၊ ပြည်မြို့၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၂၁။ ဦးအုန်းဇော်၊ စက်ကိုင်(၅)၊ အမှတ်(၅)ပရိဘောဂစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၂၂။ ဦးဝင်းကြည်၊ ဒု-လ/ထကြီးကြပ်ရေးမှူး၊ အမှတ်(၄) သစ်စက်ထုတ်လုပ်ရေး၊ အလုံမြို့နယ်၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၂၃။ ဦးမြငြိမ်း၊ သစ်စက်(၄)၊ အမှတ်(၄) သစ်စက်ဂိုဒေါင်၊ သဘင်္ဘောတင်၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၂၄။ ဦးအေးလှိုင်၊ အထွေထွေလုပ်သား၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ အမှတ်(၃၂) အခြေခံပညာမူလတန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ်၊ ပညာရေးဝန်ကြီးဌာန။

၂၂၅။ ဦးစောဦး၊ ဈေးရောင်း၊ ဃ/၁၄၅၊ အောင်စကြာလမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်း။

၂၂၆။ ဦးတင်မောင်နိုင်၊ အရောင်းအဝယ်၊ အမှတ်(၂၇)၊ ကြောင်မျက်ရှင်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂၇။ ဦးစိုးသန်း၊ ယာဉ်မောင်း၊ ၈/၁၅၈(ခ)၊ သုခမိန်(၄)လမ်း၊ (၈) ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်း။

၂၂၈။ ဒေါ်စိုးစိုးမြင့်၊ ကျောင်းဆရာမ၊ ၁၉၉/စည်ပင်လမ်း၊ (၁၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၂၉။ ဦးအောင်ထူး၊ သင်္ဘောသား၊ ဖ/၃၃၅/မင်းခေါင်(၁)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃၀။ ဦးသောင်းညွန့်၊ ဖိုမင်(ချင်စုမြန်မာကုမ္ပဏီလီမိတက်)၊ ဃ/၀၉၇(မရမ်းစု)၊ စပါယ်လမ်း၊ (၃) ရပ်ကွက်၊ ဘုရင့်နောင်စာတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃၁။ ဦးတင်အုန်း၊ ပြင်ပလျှပ်စစ်၊ အမှတ်(၉၂၄)၊ ဦးကြင်ဥလမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်း။

၂၃၂။ ဦးဆောင်း(ခ) ဦးစိန်မြင့်၊ အရောင်းအဝယ်၊ အမှတ်(၁)၊ ဆိပ်ကမ်းသာလမ်း၊ (၁၁)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။

၂၃၃။ ဦးမြသောင်း၊ ဆန်းသီရိရုပ်ရှင်ရုံ (လုံခြုံရေး) အငြိမ်းစား၊ ၁၀၂(က)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃၄။ ဦးသိန်းနိုင်၊ ရုံးအဖွဲ့မှူး၊ သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။

၂၃၅။ အရှင်သြဘာသ၊ သံဃာတော်၊ သံသရာဇကျောင်း၊ စပါယ်ခြံ၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၃၆။ ဦးစိုးသန်း၊ ကိုယ်ပိုင်လုပ်ငန်း၊ အမှတ် ၁၅၄၃/ဏ၊ ကောက်သစ်(၁)လမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃၇။ ဦးတင်ဝင်း၊ အငြိမ်းစား၊ အမှတ်(၂၇)၊ နွယ်သာကီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃၈။ ဦးတင်မောင်စိုး၊ ရုံးအကူ၊ စာရင်းစစ်ချုပ်ရုံး။

၂၃၉။ ဦးမိုးမိုးလွင်၊ စက်မှုကျွမ်းကျင်(၄) တွင်ခုံ၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ စက်မှု+စက်ဆင်ရုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၄၀။ ဦးအောင်မြင့်၊ အရောင်း-၄၊ ကုန်းလမ်းပို့ဆောင်ရေး၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ၊ ဌာနခွဲ အမှတ်(၈)လိုင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၄၁။ ဦးအောင်သန်းဦး၊ စက်မှုကျွမ်းကျင်(၄)၊ စက်ဆင်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)ကုန်တွဲရုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၄၂။ ဦးစန်းဝင်း၊ ပန်းရန်(၅)၊ အင်ဂျင်နီယာမှူး(အလုပ်ရုံ) အထွေထွေ၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၄၃။ ကြည်း-၂၂၃၆၂ ဗိုလ်မှူးဘိုလေး၊ အမှတ်(၃)တပ်မတော်ဆေးရုံ၊ (ခုတင်-၁၀၀) အင်းတိုင်၊ လှည်းကူးမြို့နယ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၄၄။ ဦးသိန်းမြင့်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄၅။ ဦးစိုးသိန်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ အမှတ်(၁) ဓာတ်ငွေ့စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄၆။ ဦးစိန်ဝင်း၊ ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ စက်မှု(၁) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မှော်ဘီမီးခံဘိလပ်မြေပြားစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄၇။ ဦးသက်ဝေ၊ အလုပ်ရုံစိတ်မှူး၊ ဆပ်ပြာစက်ရုံအမှတ်(၂)၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၄၈။ ဒေါ်ခင်ဥမ္မာစိုး၊ အလုပ်ရုံစုမှူး၊ ဘဏ္ဍာရေး၊ အထည်ချုပ်စက်ရုံ အမှတ်(၁၉)၊ သန်လျင်မြို့၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၂၄၉။ ဦးအောင်သိန်းထူး၊ စာရင်းစစ်(၃)၊ ယုဇနဂေဟာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၂၅၀။ ဒေါ်ထွေးထွေးဝါ၊ ရုံးအုပ်၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၂၅၁။ ဦးစိုးမြင့်၊ ယာဉ်မောင်းစက်ပြင်(၃)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၂၅၂။ ဦးလှကြိုင်၊ လက်မှုကျွမ်းကျင်(၃)၊ ကျောက်စိမ်း/သွေး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၂၅၃။ ကိုယ်ပိုင်အမှတ်-၃၁၅၂၃၃ အရာခံဗိုလ်သိမ်းညွန့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၅၄။ ကိုယ်ပိုင်အမှတ်-၂၄၉၄၉ တပ်ကြပ်ဇော်မင်း (၄၃) ရေတပ်ပင်မစက်မှုလက်မှုတပ်၊ တပ်မတော်ရေ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၅၅။ ကိုယ်ပိုင်အမှတ်- လ/၁၁၅၇၃၈ ရဲတပ်ကြပ်စိန်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၅၆။ ဦးစန်းလွင်၊ ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ တပ်မတော်သဘင်္ဘောဆေးစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၅၇။ ဦးသိန်းထွန်း၊ (အ/၇၃၆၂၂)ပညာသည် (ထုတ်လုပ်ရေး)အတန်း-၂/၃၊ တပ်မတော် အထည်ချုပ်စက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၅၈။ ဦးအေးသန်း၊ (အ/၇၂၅၂၄)ပညာသည်(ထုတ်လုပ်ရေး) အတန်း- ၂/၃၊ တပ်မတော် အထည်ချုပ်စက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၅၉။ ကိုယ်ပိုင်အမှတ်-၃၁၇၀၀၈ အရာခံဗိုလ်စောအာမုန်၊ အမှတ်(၁) လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ပစ္စည်းထိန်းတပ်ခွဲ(အင်းတိုင်)၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂၆၀။ ဦးစိုးလွင်၊ ယာဉ်မောင်း၊ အမှတ်(၇၅) ပထမထပ်၊ ၂၂ လမ်း၊ အမှတ်(၅) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆၁။ ဦးအောင်ဆန်းဝင်း၊ အရောင်း/အဝယ်၊ အမှတ်(၁/၈)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆၂။ ဦးသန်းထွန်း၊ လျှပ်စစ်အဆင့်(၄)၊ အမှတ်(၄)သစ်စက်၊ အင်ဂျင်နီယာဌာန၊ သစ်တောရေးရာဝန်ကြီးဌာန။

၂၆၃။ ဒေါ်ရီရီရွှေ၊ နည်းပြ၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၂၆၄။ ဒေါ်နုနုလွင်၊ ကျောင်းဆရာမ၊ မူလတန်းပြ၊ ပညာရေးဌာန၊ အမက(၄၄)၊ လှိုင်သာယာ၊ ပည ာရေးဝန်ကြီးဌာန။

၂၆၅။ ဒေါ်ရီရီထွန်း၊ အလယ်တန်းပြ၊ အမက၊ ကြက်သွန်ကုန်း၊ ကျိုက်မရောမြို့နယ်၊ ပညာရေးဝန်ကြီးဌာန။

၂၆၆။ ဦးဟန်ဇော်၊ ယာဉ်မောင်း၊ (ပြင်ပယာဉ်) အမှတ်(၁၉)၊ ကမ်းနားလမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။

၂၆၇။ ဦးအောင်မြင့်၊ ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေးအရာရှိ၊ တိုက်(၂)၊ အခန်း (၄၀၃)၊ ဓ/တောင်ရပ်ကွက်၊ သဃၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆၈။ ဦးမျိုးမြင့်အောင်၊ ကုမ္ပဏီဝန်ထမ်း၊ ၂၉၄ (က)၊ ရွှေတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်း။

ရဲသူရတံဆိပ်

၁။ လ-၁၄၉၃၁၄၊ ရဲအုပ်စိုးဝင်း၊ မူဆယ်မူးယစ် (အထူး)အဖွဲ့။

ရဲဗလတံဆိပ်

၁။ လ-၅၈၂၅၆၊ ဒု-ရဲမှူးခင်မောင်လွင်၊ တောင်ကြီးမူးယစ်(အထူး)အဖွဲ့။

၂။ လ-၁၃၂၇၆၁၊ ရဲအုပ်ညွန့်ရွှေ၊ တောင်ကြီးမူးယစ်(အထူး)အဖွဲ့။

၃။ လ-၁၂၇၉၁၄၊ ရဲအုပ်မျိုးမြင့်၊ တောင်ကြီးမူးယစ်(အထူး)အဖွဲ့။

၄။ လ-၁၂၅၃၀၉၊ ဒု-ရဲအုပ်ထွန်းထွန်းဦး၊ တောင်ကြီးမူးယစ်(အထူး)အဖွဲ့။

ရဲသူရိန်တံဆိပ်

၁။ ၄၂၁၁၀၂၊ ဒု-အရခဗ သန်းဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ၅၃၈၄၈၅၊ ခွဲတကကဝင်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃။ ၆၁၀၃၇၉၊ တကကစိန်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၄။ ၆၈၁၀၄၁၊ တကကမြင့်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၅။ ၆၉၃၉၂၀၊ တကကကျော်ဇေယျ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၆။ ၇၂၇၁၀၅၊ တကကမြင့်ဇော်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၇။ ၅၇၇၁၀၂၊ တကကအောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၈။ ၅၆၁၇၁၇၊ တကကကျော်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၉။ ၆၆၁၁၁၁၊ တကကနေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၀။ ၆၆၅၁၀၄၊ တကကအောင်ကြိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၁။ ၇၃၅၂၇၆၊ တကကသက်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၂။ ၇၉၅၇၄၃၊ တကကျော်သက်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၃။ ၉၆၀၂၀၅၊ ဒု-တကဇော်မင်းသိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၄။ တ/၂၂၈၀၇၊ ဒု-တကမင်းသန့်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၁၅။ ဦးဆန်းညွန့် (မ-၂၈၈၅)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၆။ ဦးကျော်သူရ(မ-၄၀၆၈)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။

၁၇။ ဦးမြသန်း(မ-၃၆၅၃)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၈။ ဦးခင်မောင်ရီ(မ-၄၄၀၉)၊ ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၉။ ဦးသိန်းမြင့်(မ-၄၀၈၇)၊ ဒု-မီးသတ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၂၀။ ဦးခင်မောင်မြင့်(မ-၃၃၄၆၄)၊ ဒု-မီးသတ်ဦးစီးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၂၁။ စံငြိမ်း(မ-၃၈၇၈)၊ မီးသတ်ဒု-တပ်ကြပ်၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ရဲကျော်စွာတံဆိပ်

၁။ လ-၁၁၉၀၄၃၊ ဒု-ရဲမှူးကျော်စိုးလွင်၊ မူဆယ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂။ လ-၁၂၈၈၃၉၊ ဒု-ရဲမှူးမြင့်အောင်၊ မန္တလေးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃။ လ-၁၁၈၂၆၇၊ ရဲအုပ်လှသိန်း၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄။ လ-၁၁၄၉၂၆၊ ရဲအုပ်တင်အေး၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅။ လ-၁၁၈၄၁၃၊ ရဲအုပ်စိုင်းခမ်းလူ၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၆။ လ-၁၂၈၄၆၄၉၊ ရဲအုပ်မျိုးညွန့်၊ လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၇။ လ-၁၁၁၈၉၄၊ ရဲအုပ်ကိုကိုလေး၊ လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၈။ လ-၁၁၇၉၇၀၊ ရဲအုပ်သိန်းစိုး၊ ဘားအံမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၉။ လ-၁၄၅၁၈၈၊ ဒု-ရဲအုပ်ကျော်နိုင်၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၀။ လ-၁၅၁၉၃၀၊ ဒု-ရဲအုပ်မျိုးညွန့်သန်း၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၁။ လ-၁၆၇၄၅၂၊ ဒု-ရဲအုပ်ချစ်ကိုကို၊ တာချီလိတ်မူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၂။ လ-၁၀၃၁၉၄၊ ဒု-ရဲအုပ်သန်းရွှေ၊ လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၃။ လ-၁၃၂၂၈၂၊ ဒု-ရဲအုပ်ခင်မောင်ချို၊ ဘားအံမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၄။ လ-၁၅၆၁၂၅၊ ဒု-ရဲအုပ်ကြီးမြင့်၊ ဘားအံမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၁၅။ ဦးစိုးမြင့်၊ ရေငုပ်(၂)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

၁၆။ ကျော်မင်း(မ-၄၃၇၅)၊ မီးသတ်ဒု-တပ်ကြပ်၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၁၇။ ဦးအောင်လှ၊ တပ်ခွဲမှူး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ဦးအောင်နိုင်ဝင်း၊ တပ်စုမှူး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

၁၉။ ဦးစောလုံးရွှေ၊ တပ်ကြပ်ကြီး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

ရဲကျော်သူတံဆိပ်

၁။ လ-၁၂၅၉၈၇၊ ရဲအရာခံဇော်မင်းသိန်း၊ လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂။ လ-၁၂၉၉၂၆၊ ရဲအရာခံသိမ်းဇော်၊ လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃။ လ-၈၄၃၂၂၊ တကကတင်မြင့်၊ လားရှိုးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၄။ လ-၁၃၁၄၅၁၊ တကက နိုင်စိုး၊ မန္တလေးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅။ လ-၁၁၈၆၄၃၊ တကက ဝင်းမြင့်နိုင်၊ ကလေးမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၆။ ဝင်းမြင့် (မ-၄၅၉၂)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၇။ သိန်းဦး(မ-၅၄၅၆)၊ မီးသတ်တပ်သား၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

၈။ လှအောင်မြင့် (မ-၄၇၅၃)၊ မီးသတ်ဒု-တပ်ကြပ်၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

အမိန့်အရ

(ပုံ)

စိုးဝင်း

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး(၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်း ဖွင့်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

☆ **ကိုလိုနီနယ်ချဲ့မှ**

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် Computer Skills Room၊ Computer Aided Instruction Room၊ Audio System၊ အိမ်တွင်းမှုနှင့် စက်မှုလက်မှုခန်း၊ ပန်းချီအနုပညာခန်း၊ ဂီတအနုပညာခန်းနှင့် ဘုရားခန်းတို့ကို လှည့်လည်၍ ကျောင်းသား၊ ကျောင်းသူများ၏ ခေတ်မီသင်ကြားမှု သင်ယူမှုထောက်အကူပြုပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားဒုတိယပိုင်းကို ကျောင်းစည်းဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အဋ္ဌမတန်းကျောင်းသူ မနှင်းဝေဝေဦးက ကျောင်းဆောင်သစ်ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား အင်္ဂလိပ်ဘာသာဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဝေက သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်တင့်က သင်ကြားမှု သင်ယူမှုထောက်အကူပြု စာသင်ခန်းများပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ပေါ်ထွန်းလာသည့်အတွက် ဤကျောင်းကြီးတွင် တက်ရောက်ပညာ သင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ သက်သောင့်သက်သာ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ ပညာဆည်းပူး သင်ယူနိုင်ကြတော့မည်ဖြစ်ကြောင်း။

ဤကဲ့သို့ သစ်လွင်ခံ့ညားသည့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးပေါ်ထွန်းလာသည့်အပြင် ကွန်ပျူတာကဲ့သို့သော ခေတ်မီသင်ကြားမှုပစ္စည်းများ အသုံးပြုကာ သိပ္ပံနှင့်နည်းပညာရပ်များကို သင်ကြားနိုင်တော့မည်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ အပါအဝင် မိဘပြည်သူများနှင့် ဒေသခံပြည်သူများအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်ဟု ယုံကြည်ပါကြောင်း။

ပူးပေါင်းပါဝင်

ခေတ်မီသင်ကြားမှု အထောက်အကူပြု စက်ပစ္စည်းများဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ပေါ်ပေါက်လာရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မိဘပြည်သူများ၏ အားတက်သရော ပူးပေါင်းပါဝင်မှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရေးအထူးလေးနှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာကြီး၏ လျင်မြန်စွာ တိုးတက်ပြောင်းလဲမှုများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ရန် လိုအပ်လာသဖြင့် နှစ်ရှည် နှစ် (၃၀) ပညာရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးမူဝါဒ

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်ထွန်းရန် နိုင်ငံတော်က တည်ဆောက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် လိုက်လျောညီထွေရှိမည့် ပညာရေးစနစ်ဖြစ်ထွန်းရန်၊ လူငယ်များ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးအတွက် ပညာရေးစနစ်ဖြစ်ထွန်းရန်ဆိုသည့် ပညာရေးမူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ယခုအချိန်အခါသည် သိပ္ပံနှင့် နည်းပညာများ ထွန်းကားနေသည့် အချိန်အခါ ဖြစ်သည်နှင့်အညီ IT ဟု ခေါ်သည့် Information Technology ပညာများ ထိပ်တန်းတွင် ရောက်ရှိနေကြောင်း၊ IT ပညာတွင် အခြေခံမှာ ကွန်ပျူတာ ပညာရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ကွန်ပျူတာအခြေခံ IT ပညာများကို စတင်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ မိဘပြည်သူ စေတနာရှင်များ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ပေါ်ပေါက်လာသည့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးရှိ မာလ်တီမီဒီယာစာသင်ခန်းများကို အခြေပြုပြီး ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏ဉာဏ်ရည်ဉာဏ်သွေးကို အခြေခံကာ ထူးချွန်ထက်မြက်သူများ၊ လူတော်လူကောင်းများ၊ အများအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်လိုသူများ ဖြစ်လာစေရန် ကြိုးစားကြရမှာဖြစ်ကြောင်း။

ကျွမ်းကျင်စွာအသုံးပြု

အထူးသဖြင့် ဆရာ၊ ဆရာမများကလည်း ခေတ်မီသင်ကြားမှု ပစ္စည်းများကို စနစ်တကျ ကျွမ်းကျင်စွာအသုံးပြုပြီး မိမိတို့၏ တပည့်များအား ထူးချွန်ထက်မြက်သူများ၊ အနာဂတ်တိုင်းပြည်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံအကျိုးပြု ပုဂ္ဂိုလ်များဖြစ်လာစေရန် လေ့ကျင့်ပေးကြရန်လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အထွေထွေရောဂါကုဆေးရုံ

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ခုတင်-၂၀၀ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမောင်နှင့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမျိုးသား ဆေးကုသဆောင်၊ အမျိုးသမီး ဆေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ အရိုးအကြောအဆစ်ထိခိုက်ဒဏ်ရာ ကုသဆောင်၊ ကလေးကုသဆောင်၊ မျက်စိကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် သက်ဆိုင်ရာ သမားတော်ကြီးများက လိုက်လံရှင်းလင်းပြသကြပြီး အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမောင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ခေတ်မီခုတင်-၂၀၀ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးအဖြစ် ၂၀၀၃ခုနှစ် မေ ၁၈ရက်တွင် ဖွင့်လှစ်ခဲ့မှု၊ ဆေးရုံလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဆေးပဒေသာပင် တိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ အခမဲ့ ဆေးဝါးကုသပေးမှု အခြေအနေ၊ ထူးခြားသည့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းကုသ ဆောင်ရွက်နိုင်မှု တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဝန်ကြီးဌာန၏ ပံ့ပိုးဖြည့်ဆည်းပေးနေမှုဆိုင်ရာတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါက်တာ နန်းဝိုးဖန်းက ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်း၏ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ ဝန်ထမ်းရေးရာ၊ သင်တန်းအောင်မြင်ပြီးသူနှင့် လက်ရှိသင်တန်းတက်ရောက်နေသူဦးရေ၊ သင်ထောက်ကူပစ္စည်းများ အခြေအနေနှင့် ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒ ရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယ ကင်းရှင်းရေးဟူသည့် ရည်မှန်းချက်ဖြစ်ကြောင်း။

ယင်းသို့သော ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများကို ပိုမိုလေ့ကျင့်မွေးထုတ် ပေးလျက်ရှိကြောင်း။

သို့ဖြစ်ရာ ပြည်သူများ အသက်ရှည်ကျန်းမာစွာ နေနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက မိမိကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် စေတနာထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် မြို့ပေါ်ဆေးရုံဆေးခန်း၌သာမဟုတ် ကျေးလက်ဒေသအောက်ခြေအထိဆင်းကာ ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရေး၊ ရောဂါကာကွယ်တားဆီးရေးနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသပေးခြင်းတို့ကို အလေးအနက်ထား ဆောင်ရွက်ကြရေးဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားပြီး ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် ကျိုင်းတုံမြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၁၁ မှ**

ယင်းနောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ သူနာပြု သားဖွားစာသင်ဆောင်များ၊ Language Lab၊ Computer Lab၊ ဘုရားခန်း၊ Demonstration Room တို့ကို လှည့်လည်၍ သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကာ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ကျိုင်းတုံ–တောင်ကြီးသွား ကားလမ်းဘေးရှိ ကျိုင်းတုံဒီဂရီကောလိပ်အနီး "မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်" ရည်ရွယ်ချက်နှင့်အညီ ထူးချွန်သည့် အားကစားသမားများ မွေးထုတ်နိုင်ရေးအတွက် ပြည်နယ်အားကစားကွင်းအား ပြည်နယ်အဆင့်နှင့်အညီ ခေတ်မီအားကစားကွင်းအဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် အတွင်းရေးမှူး(၂)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံမြို့ မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည့် ကျိုင်းတုံခရိုင် ဘော်လီဘောပြိုင်ပွဲ၌ ကျိုင်းတုံတပ်နယ် (က)အသင်းနှင့် ကျိုင်းတုံတပ်နယ် (ခ)အသင်းတို့၏ ဘော်လီဘော ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၉ရက် မွန်းလွဲ၁နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် ကျိုင်းတုံမြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

တက်ရောက်

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် ကျိုင်းတုံမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ တည်နေရာ၊ ရာသီဥတု၊ မြေယာအသုံးချမှု၊ မိုးစပါး စိုက်ဧက၊ နွေစပါးစိုက်ပျိုးရန် လျာထားဧက၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ စားသုံးဆီဖူလုံရန် ဆောင်ရွက်ထားမှုအခြေအနေ၊ နိုင်ငံတော်က တည်ဆောက်ပေးနေသော မော်တော်ကားလမ်းများအခြေအနေ၊ ဒေသ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် အဆင့်ခုနစ်ဆင့်ဖြင့် ကူးပြောင်းတော့မှာဖြစ်ကြောင်း။

၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးအတွက် အဆင့်ခုနစ်ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိကျစွာရှင်းလင်းပြောကြားသွားပြီးဖြစ်ကြောင်း။

ယင်းသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အဆင့်ဆင့်ကူးပြောင်းနိုင်ရေးအတွက် ယနေ့အတွက်ရော၊ နောင်အနာဂတ်အတွက်ပါ အလွန်အရေးကြီးသည့် အချက်သုံးချက် လိုအပ်ကြောင်း၊ ပထမအချက်မှာ နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း၊ ဒုတိယအချက်မှာ နိုင်ငံသားအားလုံး ဝလင်လင် စားသောက်နိုင်သည့်အဆင့်ရောက်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ တတိယအချက်မှာ နိုင်ငံသားတိုင်း အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်ရန်အတွက် ပညာတတ်ရန်၊ တစ်နိုင်ငံလုံး စာတတ်မြောက်ကြရန် လိုအပ်ကြောင်း။

တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် စက်တင်ဘာ ၁၈ရက်နေ့က သမိုင်းပေးတာဝန်အရ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့ရစဉ်က သုညအဆင့်အောက်ရောက်နေသည့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးမသွားရအောင် တပ်မတော်က ကာကွယ်စောင့်ရှောက်ပြီး အမျိုးသားရေးမူဝါဒ သုံးရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ရောက်အောင် ရည်မှန်းချက်ထားပြီး ဦးတည်ချက် (၁၂)ရပ်ဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်၌ အရေးကြီးဆုံးအရာမှာ နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိလျှင်၊ လုံခြုံမှုမရှိလျှင်၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် မည်သည်ကိုမျှ လုပ်မရဘူးဆိုသည်ကို ပြည်တွင်းစစ်ကိုကြုံတွေ့ခဲ့ကြရသည့် ဤဒေသခံပြည်သူများ အသိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် လက်နက်စွဲကိုင် တိုက်ခိုက်နေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စေ့စပ်ဆွေးနွေးပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယနေ့ဆိုလျှင် တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီဖြစ်၍ နိုင်ငံတော်၏ အခြေအနေသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရရှိနေသည်ကို အားလုံးသိရှိ ခံစားနေကြရပြီဖြစ်ကြောင်း။

အထူးသဖြင့် သေနတ်သံ၊ ဗုံးသံများ မစဲဘဲ အမြဲလိုလို ကြောက်ရွံ့ထိတ်လန့်နေခဲ့ကြရသည့် ကျိုင်းတုံဒေသသည် ယခုအခါတွင် တစ်ချိန်ကနှင့် လုံးဝမတူတော့ဘဲ အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံနှင့် ကိုယ့်ဝမ်းစာကိုယ် အေးအေးဆေးဆေး ရှာဖွေစားသောက်နေနိုင်ကြသည်မှာ ငြိမ်းချမ်းမှု၏ အကျိုးကျေးဇူးများကို ခံစားနေကြရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီး အေးချမ်းလုံခြုံတော့မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသည် အဓိကကျကြောင်း၊ စီးပွားရေးတွင် စက်မှုနိုင်ငံထူထောင်နိုင်လျှင် ချမ်းသာကြွယ်ဝမည်ဆိုသည်ကို သိရှိသော်လည်း နိုင်ငံတော်၌ အတတ်ပညာရှင်များနှင့် အရင်းအနှီးများ လုံလုံလောက်လောက်မရှိသေးခြင်းကြောင့် စိုက်ပျိုးရေးကိုပင် ပထမဦးစားပေးပြီး တိုးတက်အောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးအခြေခံ

ထို့ကြောင့် ဦးတည်ချက်(၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံ၍ ဆိုသည့်အချက်ကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ အဓိက အခြေခံစီးပွားရေးဖြစ်ပြီး ကျေးလက်နေ ပြည်သူအားလုံး၏ ၇၀ရာခိုင်နှုန်းကျော်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရခြင်းဖြစ်ကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေ မလုံလောက်သည့် ဒေသများတွင် ဆည်များ၊ ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးများစွာ အကုန်အကျခံပြီး အစုအဖွဲ့နှင့် တည်ဆောက်ပေးခဲ့ရာ ယနေ့အထိ တစ်နိုင်ငံလုံး ဆည်၊ တမံပေါင်း ၁၅၅ခုနှင့် မြစ်ရေတင်လုပ်ငန်းစီမံကိန်း ၂၆၅ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် ရေသွင်းစိုက်ပျိုးသော မြေဧရိယာမှာ ၁၉၈၈–၈၉ခုနှစ်က ဧက ၂ဒသမ ၅၂သန်းရှိခဲ့ရာမှ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ဧက ၅ဒသမ ၁သန်းအထိ အဆအားဖြင့် နှစ်ဆခန့် တိုးတက်လာခဲ့ကြောင်း၊ စိုက်ပျိုးရေအပြင် ရေရှားပါးသည့် ဒေသများ၌ သောက်သုံးရေပါရရှိခဲ့ပြီး ရောဂါဘယများလည်း ကင်းဝေးလာခဲ့ကြောင်း။

ရည်မှန်းချက်

နိုင်ငံတော်က ဝမ်းစာဖူလုံရေး၊ ပိုလျှံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ၁၉၈၈ခုနှစ်က စပါးတင်းသန်း ၆၅၄သန်း ထွက်ရှိရာမှ ၂၀၀၀–၂၀၀၁ခုနှစ်တွင် စပါးတင်းသန်း ၁၀၀၀ကျော် ထွက်ရှိခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံး စပါးတင်းသန်း ၁၂၀၀ထွက်ရှိရေးကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံသားတိုင်း ဝမ်းဝရန်အပြင် နှစ်စဉ်တိုးတက်နေသော လူဦးရေအတွက်ပါ ဝလင်လင်စားသောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်ဆိုရာ၌ ဝမ်းဝရုံနှင့် မပြီးသေးဘဲ လူနေမှုအဆင့်အတန်း (Standard of Living) မြင့်မြင့်မားမားနေနိုင်ရန်အတွက် ချမ်းသာကြွယ်ဝရန် လိုအပ်ကြောင်း၊ ချမ်းသာကြွယ်ဝရန်အတွက် စက်မှုနိုင်ငံထူထောင်နိုင်မှ ချမ်းသာကြွယ်ဝမှာဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများမှာ ချမ်းသာကြွယ်ဝပြီး အဆင့်အတန်း မြင့်မြင့်မားမားနေနိုင်ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရန်အတွက် အရင်းအနှီးများ လိုအပ်ကြောင်း၊ အတတ်ပညာရှင်များလိုအပ်ကြောင်း၊ လယ်ယာသားငါး စွမ်းအင်ကဏ္ဍများမှရသည့် အမြတ်အစွန်းများကို စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး ယခုနိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကအပိုင်းကပါ ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး စက်မှုဇုန်၁၈ဇုန်ထူထောင်ပြီး မော်တော်ကားမှအစ ဆပ်ပြာစက်၊ ဆီစက်၊ ဆန်စက်၊ ဆီကြမ်းကြိတ်စက်နှင့် ရေအားလျှပ်စစ် အငယ်စားစက်ပစ္စည်းတို့ကို စတင်ကြိုးပမ်း ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း။

စက်မှုလယ်ယာအဆင့်ကူးပြောင်း

ယခုအခါ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍပေါင်းစပ်ပြီး စက်ဖြင့် ထွန်ယက်ခြင်း၊ စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းစသည့် စက်မှုလယ်ယာအဆင့် Machenic Farmingကို ကူးပြောင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သို့မှသာ ထုတ်လုပ်မှုစရိတ်များ နည်းပါးပြီး လယ်ယာထွက်ကုန်ပစ္စည်းများကိုလည်း ပိုမိုထုတ်လုပ်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ တစ်နိုင်ငံလုံး စာတတ်မြောက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာရှိမှသာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအကြားအလပ်မရှိ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ☆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခေတ်မီ ခုတင်–၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ဖွင့်လှစ်ထားရှိမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့ပေါ်ရှိ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၉နာရီခွဲတွင် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများ ဖြစ်ကြသော ကျိုင်းယင်းကျောင်း၊ ကျိုင်းငမ်းကျောင်း၊ ဟိုခံကျောင်း၊ မောက်မယ်ကျောင်း၊ ဒူးယားကျောင်း၊ ဓာတ်စွမ်သီရိကျောင်း၊ ဓမ္မောဒယကျောင်း၊ ဇေတဝန်ကျောင်း၊ သာသနဝေပုလ္လကျောင်းနှင့် ထေရဝါဒသာသနာပြုကျောင်းတိုက်ကြီးများမှ အပူဇော်ခံဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်ကျိုင်းတုံခရိုင်ကျိုင်းတုံမြို့တို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရထံမှ အတွင်းရေးမှူး(၂)နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ထို့နောက် ကျိုင်းတုံမြို့ သာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဆရာတော်မဟာဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိဇယထံမှ အတွင်းရေးမှူး(၂)နှင့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၁၂မှ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစသည့် စီမံကိန်းကြီးသုံးခုကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေကြောင်း။

ဒေသအနှံ့ဖွံ့ဖြိုးရန်

နယ်စပ်ဒေသဖွံ့ဖြိုးရေးအပြင် အတွင်းပိုင်း၌လည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသကြီး၂၄ခု သတ်မှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆက်သွယ်ရေးတို့ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရအနေဖြင့် တက္ကသိုလ်များ၊ ကွန်ပျူတာကောလိပ်များ၊ အင်ဂျင်နီယာကောလိပ်များ၊ ခုတင်-၂၀၀ ဆံ့ဆေးရုံကြီးများ၊ သူနာပြုသင်တန်းကျောင်းများ၊ ဆက်သွယ်ရေးအတွက် ကြေးနန်းရုံး၊ စာတိုက်၊ တယ်လီဖုန်း ဆက်သွယ်မှုများကို ငွေကြေးများစွာ အကုန်အကျခံပြီး တည်ဆောက်ဖွင့်လှစ်ပေးနေခြင်းသည် ကျိုင်းတုံဒေသအပါအဝင်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာများကို မိမိတို့ဒေသမှာ စရိတ်သက်သက်သာသာဖြင့် ကိုယ့်ဒေသမှာကိုယ် များများသင်ကြားနိုင်အောင် လူ့စွမ်းအားအရင်းအမြစ်များ ဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ယခင်က တက္ကသိုလ်၊ ကောင်လိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၄ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင် တက္ကသိုလ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူနှစ်သိန်းကျော်သာရှိခဲ့ရာမှ ယခုအခါ ခုနစ်သိန်းကျော်အထိ တက်ရောက်နေကြပြီဖြစ်ကြောင်း။

အခြေခံပညာရေး

အခြေခံပညာရေး အခြေအနေကိုကြည့်လျှင်လည်း ယခင်က အခြေခံပညာကျောင်းပေါင်း သုံးသောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ လေးသောင်းကျော်အထိ ရှိလာပြီး အခြေခံပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူပေါင်းသည် ယခင်က ၅၂ သိန်းကျော်သာရှိခဲ့ရာမှ ယခုအခါ ၇၅ သိန်းကျော်အထိ ပညာသင်ကြားလျက်ရှိနေကြပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍကိုကြည့်လျှင်လည်း ယခင်က အထူးကုဆေးရုံ ၁၅ ခု အပါအဝင် ဆေးရုံပေါင်း ၆၃၁ခုသာရှိခဲ့ရာမှ ယခုအခါ တစ်နိုင်ငံလုံး အထူးကုဆေးရုံ ၁၉ ခုအပါအဝင် ဆေးရုံပေါင်း၇၇၉ခုအထိရှိနေပြီဖြစ်ကြောင်း၊ ဆေးရုံများတိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ဆရာဝန်နှင့်သူနာပြုများကိုလည်း တိုးတက်လေ့ကျင့်ခန့်ထားပေးခဲ့ရာ ယခင်က ဆရာဝန် ၁၂၂၆၈ ဦး၊ သူနာပြု ၈၃၄၉ ဦး ရှိခဲ့ရာမှ ယခုအခါ ဆရာဝန် ၁၆၅၇၀ ဦးနှင့် သူနာပြု ၁၅၄၈၂ ဦးအထိ ရှိလာခဲ့ပြီး ၁၅ နှစ်ကာလအတွင်း ဆရာဝန် ၄၃၀၂ ဦးနှင့် သူနာပြု ၇၁၃၃ ဦးတိုးတက်လာခဲ့ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာ၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် မရှိမဖြစ် လိုအပ်သည့်အတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်တို၊ နှစ်ရှည် စီမံချက်များရေးဆွဲပြီး တစိုက်မတ်မတ်ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့လက်ထက်က အမွေခံဆိုးအဖြစ် ကျန်ရစ်ခဲ့သည့် မူးယစ်ဆေးဝါးကိစ္စသည် ယနေ့အထိ နယ်စပ်ဒေသများတွင် အမြစ်တွယ်ရှင်သန်ပြီး ကျန်ရှိနေသေးကြောင်း၊ မူးယစ်ဆေးဝါးသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုပါထိခိုက်စေပြီး တစ်ဦးချင်းအတွက်လည်း များစွာ ဆုံးရှုံးနစ်နာစေကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူသည် လူ့ဘဝမှ လူညွန့်တုံးပြီး အသက်ပါ ဆုံးရှုံးစေခဲ့သည့် သာဓကများ များစွာရှိခဲ့ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်တားဆီးရေးကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ခုအဖြစ်သတ်မှတ်ပြီး မဟာဗျူဟာ နှစ်ရပ်၊ နည်းဗျူဟာ သုံးရပ်ချမှတ်ပြီး လက်တွေ့ကျင့်သုံးရမည့် နည်းနာများအဖြစ် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်အောင် ပြောင်းလဲပေးရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသား အချင်းချင်း လွယ်ကူစွာကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့ကို မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းရေးဆွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ထို့ကြောင့်မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ဒေသခံပြည်သူများအားလုံး အမျိုးသားရေးတာဝန်တစ်ခုအဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဆိုးမွေများ ချေဖျက်

မူးယစ်ဆေးဝါး အန္တရာယ်သာမက ကိုလိုနီနယ်ချဲ့တို့၏ တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်မှုက ပေါက်ဖွားလာသည့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားခဲ့မှု စသည့် ဆိုးမွေများကို ချေဖျက်နိုင်စေရေးအတွက် တိုင်းရင်းသားလူမျိုးများအကြား သွေးချင်းသားချင်းညီအစ်ကိုမောင်နှမများဆိုသည့် အသိအမြင်ဖြစ်ပေါ်စေပြီး ကောင်းတူဆိုးဖက်၊ ရှိအတူမရှိအတူ အတူတကွ ဥမကွဲသိုက်မပျက်ရာသက်ပန် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ကြမယ်၊ "ညီညာမှ ပြည်သာမယ်" ဆိုသောစကားအတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အချိန်ရောက်ရှိလာပြီဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်းတွင် ရေကြည်ရာမြက်နုရာ ရှာဖွေပြီး တိုင်းရင်းသား လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်း တစ်ခုစီသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွပူးပေါင်းနေထိုင်သည့်ပြည်ထောင်စုငယ်များပင် ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်း အတူတကွ ခွဲခြား၍မရအောင် ပေါင်းစပ်ယှက်နွယ်နေထိုင်ကြသည့် ပြည်ထောင်စု တိုင်းရင်းသားများအဖြစ် ပြည်ထောင်စု စိတ်ဓာတ်ကို မွေးမြူကာ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

ယင်းမှတစ်ဆင့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၁နာရီခွဲ တွင် ကျိုင်းတုံမြို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကျိုင်းတုံခရိုင်တို့မှ ပြည်နယ်နှင့်ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ်နှင့် မိုင်းခတ်မြို့နယ်တို့မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးနှင့်ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အကောင်အထည်ပေါ်လာရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရေးကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ၂နာရီခွဲ တွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်၊ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များနှင့် တွေ့ဆုံကာ အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှအရာရှိ၊စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များအောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့တွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရေး အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ဘုရားဖြူဓမ္မသဘင် ချမ်းမြေ့တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော(၇၂)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲဆုနှင်းသဘင်အကြို ဘုရားဖြူဓမ္မသဘင်တရားပွဲများအဖြစ် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ညစဉ် ဇန်နဝါရီ၁၀ရက်(စနေနေ့)တွင် ချမ်းမြေ့(မှော်ဘီ) ဦးဣန္ဒက ဟောကြားပြီး ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့)တွင် ချမ်းမြေ့(ရန်ကုန်) ဦးသောဘိတာဘိဝံသကလည်းကောင်း၊ ဇန်နဝါရီ၁၇ရက် (စနေနေ့)တွင် ကျောက်ပန်းတောင်းဦးကုမာရ (မဟာစည်)ကလည်းကောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရှိ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ (၃၃)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်၍ အလှူရှင်များ ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းဖြစ် နိုင်ငံတော်အတွက်ရော အမျိုးသမီးထုအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့သည် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာ ရှင်းလင်းရန်အတွက် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာသို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့်အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင်ပုသိမ်မြို့ မြို့တော်ခန်းမဥ္စကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ အမျိုးသမီးရေးရာ အထောက်အကူပြု အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်း အမျိုးသမီးရေးရာနာယက အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ဖျာပုံခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပုသိမ်မြို့ပေါ်နှင့် ကန်ကြီးထောင့် မြို့ပေါ်ရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုစုပေါင်းအင်အား ၄၅၀ခန့် တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသမီးများ ကဏ္ဍဆိုင်ရာ ကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပေးလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် ကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အရေးအရာကိစ္စများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ရေးအတွက် အကန့်အသတ်များ ရှိနေကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်ရော၊ အမျိုးသမီးထုအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့်အဖွဲ့ကြီးတစ်ရပ်ဟု ဆိုနိုင်ကြောင်း၊ အဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာပြီးနောက် အမျိုးသမီးများအနေဖြင့် အဖွဲ့ဝင်အဖြစ် မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လာကြမှာ အမှန်ပင်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းရပ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ ဒေါ်စန်းရွှေက အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်စန်းက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က ယဉ်ကျေးမှုနှင့် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့များ၏တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မြမြက ပြန်ကြားဆက်သွယ်ရေးနှင့်တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ ၏တာဝန်ဝတ္တရားများကိုလည်းကောင်း၊ စည်းကမ်း ထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ခင်သိန်းရီကစည်းရုံးရေး၊စည်းကမ်းထိန်းသိမ်းရေးနှင့်ဘဏ္ဍာရေး၊ စီမံရေးရာလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ တွေ့ဆုံပွဲကို တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရှင်းလင်းဆွေးနွေးသည့် ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသည့်အချက်အလက်များ၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ငွေဆောင်ကျေးရွာ

ဧရာဝတီတိုင်း ပုသိမ်မြို့သို့ရောက်ရှိနေသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်လတ်နှင့် တာဝန်ရှိသူတို့သည် ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီတွင် ငွေဆောင်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေဆောင်ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ရေရရှိမှု၊ ဆည်တည်ဆောက်မှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ကျေးရွာနေပြည်သူများ အလုပ်အကိုင်ရရှိမှုအခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးမှုဇုန်

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်း၍ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ငွေဆောင်ကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့-အဖွဲ့ဝင်များနှင့်တွေ့ဆုံလိုသည့် ဆန္ဒဖြစ်ပေါ်လာသည့်အတွက် ယခုကဲ့သို့ တရင်းတနှီးဖြစ်စေရန်အတွက် လာရောက်တွေ့ဆုံ ခြင်းဖြစ်ကြောင်း၊ ငွေဆောင်ကျေးရွာသည် ဖွံ့ဖြိုးမှုမြန်ဆန်ပြီးကမ်းခြေဒေသ ဖွံ့ဖြိုးရေးဇုန်အဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြောင်း၊ ဖွံ့ဖြိုးမှု အရှိန်အဟုန် မြင့်မားစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုကိုသာမက ရပ်မိရပ်ဖများ၏ စေတနာထား၍ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူထဲက လူတန်းစားအသီးသီးတို့ကလည်း မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများကွင်းဆင်း လေ့လာခဲ့ပြီး အမျိုးသမီးထုနှင့်တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာ ကိစ္စအဝဝတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်အတွက် အစိုးရမဟုတ်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်က နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းများမှသည် ရပ်ကွက်ကျေးရွာအထိ အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍ(၁၄)ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ပြန့်လာပြီဖြစ်သည့်အတွက် အားလုံးပါဝင်၍ အားနှင့်မာန်နှင့် လုပ်ဆောင်ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်စန်းက အမျိုးသမီးများ ဘဝလုံခြုံမှုဆိုင်ရာ သိကောင်းစရာနှင့် စပ်လျဉ်း၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင်အဟန့်အတားဖြစ်စေသော အမျိုးသမီးများ အကြမ်းဖက်ခံရမှုများ လျော့နည်းသွားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ငွေဆောင်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌက ကျေးရွာနေ အမျိုးသမီးတို့အတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီးမြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

သွားဆိုက် /သွားအလှပြုပြင်ခြင်း(သီးသန့်)ဆေးခန်းများ

သွေးတိုး ၊ နှလုံးသွေးကြောကျဉ်းနေသူများအတွက်
မြတ်ပန်းပွင့်
သွေးတိုး၊ နှလုံးသွေးကြောကျဉ်း သောက်ဆေး

MAY KHA HOME PLACE

May Kha Home Place

မြေကွက်နှင့်အဆောက်အအုံများအပ်နှံပေးလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါရစေ !

ကျွန်တော်များ အိုးလံပစ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သယ်န်းကျွန်းမြို့နယ်၊ မေဓာဝီလမ်းမကြီးနံဘေးရှိ လှုကြီးမင်းတို့ဝယ်ယူထားသော မြေကွက်များနှင့်အဆောက်အအုံများကို (၁.၉.၂၀၀၃) နေ့မှစ၍ အပ်နှံပေးလျက်ရှိကြောင်း သတင်းကောင်းပါး အပ်ပါသည်။

မြေကွက်များ စတင်အပ်နှံပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အိုးလံပစ်ကုမ္ပဏီလီမိတက်မှ (၁)နှစ်တိတိ တာဝန်ယူဆောင် ရွက်ပေးပြီးနောက် ငွေပဒေသာပင်အဖြစ် ငွေကျပ် - ၁၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ထောင်တိတိ)ကို မတည်ပေးသွားမည်ဖြစ်ပါသည်။

အိုးလံပစ်ကုမ္ပဏီလီမိတက်၊ အိုးလံပစ်တာဝါ - ၂ ခုတိယထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၂၁၀၄၃၂ ၂၁၀၄၂၉

သီဟသုဓမ္မမဏိဇောတရေ ဘွဲ့တံဆိပ်ရ ဦးကင်းစိန်အတွက်

ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၀၄ခုနှစ် ဇန်နဝါရီလ(၄)ရက် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)အရ **သီဟသုဓမ္မမဏိဇောတရေ** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသူ **ဦးကင်းစိန်** [တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့်လုပ်ငန်းခွဲဒါရိုက်တာအပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်]အတွက်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးမောင်လှ(ဥက္ကဋ္ဌ) အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်	ဦးသန်းစိုး (M.D) Golden Panda Co.,Ltd.
ဦးကျားမောင်(M.D) တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်	ဦးဝင်းတင် (M.D) မော်လမြိုင် ဟိုးလ်ဒင်းလီမိတက်
ဦးဘွန်ခင်(M.D) အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်	ဦးသန်းနိုင် (M.D) နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်
ဦးကြံခင် (M.D) Myanmar Seafoods Ltd.	ဒေါက်တာအောင်လွင်(M.D) ပြည့်ဖြိုးထွန်း ကုမ္ပဏီလီမိတက်
ဦးကြည်လွင်(M.D) MAX Manufacturing Co.,Ltd.	ဦးမြတ်အောင် (M.D) ထူးထူးတိုး ကုမ္ပဏီလီမိတက်
ဦးမျိုးမြင့် (M.D) လင်းသစ်အောင်ကုမ္ပဏီ	ဦးညိုမင်း (M.D) မင်းဇာနည် ကုမ္ပဏီလီမိတက်
ဦးတင်မောင်လတ်(M.D)ဧရက်အအေးခန်းအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ	ဦးခင်စိုး (M.D) အဏ္ဏဝါလွှမ်း ကုမ္ပဏီလီမိတက်

MCC

ကွန်ပျူတာအခြေခံသင်တန်း

☑ အမြဲမိသင်တန်းဖွင့်ပါသည်။
☑ ICT Professional တစ်ယောက်ဖြစ်ရန်...
Software Engineering/ Network Engineering/ Web Developer Courses များသို့ဆက်လက်တက်ရောက် နိုင်ပါသည်။

[illegible]
☎ [illegible]

ပဏၰစန္ဒာ [illegible]

[illegible]

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။လုံခြုံရေး **ကျား(၃)ဦး**

အသက်(၄၀)မှ (၅၀)အတွင်းဖြစ်ရမည်။ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊ စစ်မှုထမ်းဟောင်း ဦးစားပေးခန့်ထားမည်။ နယ်တွင်တာဝန်ထမ်းဆောင်ရမည်။

လျှောက်ထားသူသည်ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ မျှော်မှန်းလစာတို့နှင့်အတူ တိုက်(၂၀)၊ ရတနာမွန်လမ်း၊ လှိုင်မြို့နယ်၊ ဖုန်း-၅၁၂၉၉၂သို့ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

RUBY Car Rental
725317, 650833
[illegible]

[illegible]
TV-VIDEO
[illegible]
☎ 545937

Commerce Graduates Association

ဝါဏိဇ္ဇဘွဲ့ရများအသင်း

ရွှေရတုအထိမ်းအမှတ် အခမ်းအနားများ

၁၇-၁-၂၀၀၄(စနေနေ့)MICT Park (Hlaing)

Business Panel Seminar

" Myanmar & Foreign Trade"

ဟောပြောမည့် ဦးလှမြင့်သိန်း(MD-Win Trade Co.,Ltd.)

ပုဂ္ဂိုလ်များ Dr. ဦးမြင့်(Senior Economic Officer -Retd.)
ဦးထိန်ဝင်း(Chairman-Myanmar Industries Association)
ဦးဇော်မင်းဝင်း(Voice Chairman-UMFCCI)
ဦးစိန်ဝင်းလှိုင်(General Secretary -UMFCCI)

အချိန်နှင့်နေရာ နံနက် ၉:၃၀၊ Conference Hall-MICT Park

ခေတ်ပုံနှင့်ပညာရပ်ဆိုင်ရာခင်းကျင်းပြသပွဲ

အချိန်နှင့်နေရာ ၉:၀၀မှ ၂၀:၀၀နာရီ၊ Lobby Hall-MICT Park

ရွှေရတုအထိမ်းအမှတ် ညစာစားပွဲ

အချိန်နှင့်နေရာ ညနေ၆:၀၀၊ Lounge -MICT Park

ဖျော်ဖြေမှု Spectrum Band & Famous Stereo Singers

(မည်သူမဆိုတက်ရောက်နိုင်ပါသည်။)

ဆက်သွယ်ရန်- အသင်းတိုက်၊ ၃၇/၄၁၊ လမ်း၅၀အောက်၊ ရန်ကုန်။
ဖုန်း-၂၉၁၆၆၇၊ ဦးမောင်မောင်ထိပ်၊ ဖုန်း-၅၄၉၃၆၅၊
၀၉၅၀၀၄၀၂၀၊ ဦးကြည်သာစိုး၊ ဖုန်း-၇၂၀၇၂၊
ဦးသန်းအောင်၊ ဖုန်း-၀၉၉၉၂၂၂၅၀၊ ဒေါ်အေးသီတာ၊ ၁၀၅၊
၃၈လမ်း၊ ဖုန်း-၂၄၅၈၀၁

ဖိတ်ကြားအပ်ပါသည်။သက်ကြီးဂါရဝပြုပွဲအခမ်းအနားပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၉၅၄အထိ ဝါဏိဇ္ဇဘွဲ့ရများအားလုံး ညစာစားပွဲသို့ အပူဇော်ခံကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ BST-4Tickets NO-15789/01 ပျောက်ဆုံး သွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

မောင်အောင်မျိုးဦး

ဖုန်း-၀၅၆-၂၁၈၅၇။

ကျေးဇူးဆပ်ပါမည်

ဒေါ်ခင်ဝင်းမော်၏ နိုင်ငံကူး လက်မှတ်အမှတ် (၁၅၅၆၉၉) စာအုပ်မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၅၇၁၈၃၆ သို့ အကြောင်းကြားပါရန်။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းဌာနခွဲသာခန့်ထားရန်)

၁။ **Secretary** ကျား/မ (၁) ဦး
ရုပ်ရည်သန့်ပြန့်ပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်။

၂။ **Senior Accountant** မ (၁) ဦး
B.Com (CPA) (သို့) D.A အောင်မြင်ပြီးသူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရရှိရမည်။

၃။ **Store Keeper** ကျား/မ (၁) ဦး
လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

၄။ **Site Engineer** ကျား/မ (၁) ဦး
B.E/A.G.T.I(Civil)အောင်မြင်ပြီးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။

၅။ **Technical Service Engineer/** ကျား/မ (၂) ဦး
Project Engineer
B.E/A.G.T.I (Civil)
အရောင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းတာဝန်ယူနိုင်သူဖြစ်ရမည်။
လုပ်သက်အနည်းဆုံး (၃)နှစ်ရှိပြီးသူဖြစ်ရမည်။

၆။ **Operation Staff (cum)** ကျား/မ (၂) ဦး
Computer Operator

၇။ **Driver** ကျား (၂) ဦး
၂တန်နှင့်အထက်ကားကြီး ကျွမ်းကျင်စွာမောင်းနိုင်ရမည်။

၈။ **Security** ကျား (၂) ဦး
အသက်(၄၅)နှစ်နှင့် အထက်ဖြစ်ရမည်။

၉။ **Cleaner** မ (၁) ဦး
(နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။)

လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၁)လအတွင်းရိုက်ထားသော ဓာတ်ပုံ (၂)ပုံ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၁၆၉)သို့ (အရည်အချင်းပြည့်မီသူများသာ လျှောက်ထားနိုင်ပါသည်။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာစည်သြဝါဒခံ သာသနာ့ ဗိမာန်ရိပ်သာ၏ သာသနာနုဂ္ဂဟအဖွဲ့ အမှုဆောင် **ဒေါ်ခင်မိမိလှိုင်** (ဒါရိုက်တာ၊ မိုးဟိန်းကုမ္ပဏီ)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ (၁/၂၀၀၄)ဖြင့် **သီရိသုဓမ္မသီင်္ဂီ**ဘွဲ့ ချီးမြှင့်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

သာသနာနုဂ္ဂဟအဖွဲ့
မဟာစည်သြဝါဒခံသာသနာ့ဗိမာန်ရိပ်သာ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် - ၂/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၅ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ (တိမွေး/ကု)	တိရစ္ဆာန်ဆေးပညာဘွဲ့ (သို့မဟုတ်)တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့	၁ နေရာ

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂-၂-၂၀၀၄နေ့တွင် အသက်(၃၅)နှစ် ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂-၂-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် - ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂-၂-၂၀၀၄နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄-၂-၂၀၀၄နေ့နှင့် ၁၅-၂-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၂-၂-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၁၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

[illegible]

[illegible]

Opportunity to meet Korean Biz. Partners

The Trade Mission from Korea Chamber of Commerce and Industry (KCCI), will be visiting Myanmar to seek for Partners for the following products.

1/Midas Kit (detergent-free washing system for laundry, Electro-lyzing waste water treatment system) 2/Acrylic crystal key chain, Light up Pens 3/Heat reducing system for Houses and Factories Concrete & Asphalt hardening materials 4/Digital Satellite Receiver, Car Amplifier 5/Accessories, Cases and Pouches for Electronic Equipments, Sports bags, Cosmetics pouches and Backpacks 6/ Out-door type SF Gas Circuit Breaker, Lighting indicator for Trasmission, Digital Kwh meter, Steel Tower Transmission line, Steel Frames and Steel Structure7/ **Export:** Car Spare Parts **Import:** Corn tree silage (Animal Feed) 8/ **Import:** In-door stairs, Hard Wood products, Natural stone for Roofing, Gardening and wall 9/ Looking Human Resources for Nuclear Related Professionals.

Interested entrepreneurs are cordially invited to register Related items for Individual Discussion **not later than 14 Jan. 2004.**

Date : 21January 2004 (Wednesday)
Venue : Ball Room, Traders Hotel
Time : Will be provided when register

Commercial Sec. (KOTRA), Korean Embassy
#0902, Sakura Tower, No.339, Bogyoke Aung San Rd., Kyauktada Tsp.
Tel : 255 453 ~6 Fax : 255 457 Email : kotraygn@mpt.com

ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းလိုက်ရာ **သီဟသုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်အပ်နှင်းခံရသူ ဂုဏ်ထူးဆောင်အသင်းသား **ဦးကင်းစိန်**၊ အမိန့်ကြော်ငြာအမှတ် ၂/၂၀၀၄ဖြင့် **စီမံထူးချွန်(ပထမဆင့်)**ရ **ဦးအုန်းသွင်(သံအမတ်ကြီး)**၊ **လူမှုထူးချွန်ဆု (ဒုတိယဆင့်)**ရ **ဦးလှသန်း**တို့အား ဝမ်းမြောက်ဂုဏ်ပြုကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ လုပ်ဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါသည်။

နာယက၊ အမှုဆောင်အဖွဲ့
ပုလောမြို့နယ်အသင်း(ရန်ကုန်)။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းဌာနခွဲသာခန့်ထားရန်)

[illegible]

No	Position	Sex	Age	Nos.
1.	Part time English Lecturer (well experience in related field for pre-school)	M / F	(Open)	1
2.	Assistant Teacher for pre-school (Graduate)	M / F	under 45	6
3.	Receptionist (Graduate)	M / F	under 45	1
4.	Accountant (B.Com; LCCI-L3)	F	under 50	2
5.	Security (High School Level)	M	under 45	1

INTERNATIONAL EDUCATION SERVICES COMPANY LTD.
No.408-410, 8th Floor, Mahabandoola Street, Kyauktada Tsp., Yangon.

[illegible]

Air-con Bar, Restaurant & Hotel

No.256, Pansodan St.(Upper Block), Ph:378547, 381327

MT&K Tourism Co., Ltd.

Ph:663161, 666220, 09-2042015, 09-5016937

ကာလေး T-ရှပ်လှလှလေးတွေ

"မြန်မာ့ဆန်းစတီလုပ်ငန်းပြပွဲ" 2004

January 8 မှ 11 ထိ

☎:682844 ☎:682944 ☎:682928 ☎:680301

☎:681326 ☎:02-65975 ☎:02-28036

ငှားရန်

စီးပွားရေး အကွက်အကွင်း ကောင်းသည့် (ပန်းပဲတန်းမြို့နယ်) အနော်ရထာလမ်းမပေါ် (25'x50')၊ မြေညီငှားရန်ရှိသည်။

စုံစမ်းရန်

ဖုန်း-၂၄၆၂၉၇၊ ၂၈၁၁၆၁၊ ၃၇၇၀၃၈

(နေ့လယ် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း)

ဝမ်းမြောက်ဂုဏ်ပြုပူဇော်လွှာ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းမှ "ဆရာတော် ဘဒ္ဒန္တ ဣန္ဒက"အား နိုင်ငံတော်မှ ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ် "ဓမ္မကထိကဗဟုဇန ဟိတဓရ" ဘွဲ့ တံဆိပ်တော်ကို ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ပြုပူဇော်အပ်ပါသည်။

ဦးသိန်းထိုက်ဦး (ဇင်ယုချိုထုရေးဒင်းကုမ္ပဏီ)

ဒေါ်မျိုးမျိုးမင်း (မယ်လုလင်+၃၃၊ သက်နှင်းတိုက်)

သမီး-ဖေဇင်ဦးမိသားစု။

သမဝါယမဝန်ကြီးဌာန

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်

တွင်

မန္တလေးစက်မှုဇုန် UD GROUP မှ တပ်ဆင်ထုတ်လုပ်သော

မော်တော်ယာဉ် -SUPER MANDALAR LIGHT TRUCK

-SUPER MANDALAR MINI TRUCK

GENERATOR-မီးစက်-20 KVA-30KVA-50KVAများအား

ထပ်မံစတင်ရောင်းချမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁၃-၁-၂၀၀၄ မှ ၁၉-၁-၂၀၀၄ထိ

ဆက်သွယ်ရန် (ဖုန်း-၀၉-၆၉-၇၁၇၅၇၊ ၀၉-၈၀-၃၄၉၇၆၊ ၀၂-၅၄၅၆၄၊ ၀၁-၆၆၃၂၀၉)

ဌာနဆိုင်ရာလုပ်ငန်းများနှင့် စက်မှုဇုန် စက်မှုလုပ်ငန်းများအတွက်

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ရေစိမ်ဝါယာစက်မှုလုပ်ငန်းမှ

လျှပ်စစ်သံဂဟေချောင်း

No. 8, No. 10, 12 (4 mmØ, 3.25 mm Ø, 2.5 mm Ø)

များကို သက်သာသောဈေးနှုန်းများဖြင့် အရေအတွက် အကန့်အသတ်မရှိ လိုအပ်သလို လျှပ်လျှပ်ကူကူဝယ်ယူနိုင်ပါပြီ။

ဆက်သွယ်ရန် - မြန်မာ့ရေစိမ်ဝါယာစက်မှုလုပ်ငန်း (အမှတ်-၆ ဘီး ကမ္ဘာအေးဘုရားလမ်း ရန်ကုန်)

☎ ၆၆၂၈၆၈ ၆၆၁၇၂၇ ၆၆၂၉၉၃ E-mail Address: mfwmin @ myanmar.com.mm

- ရွှေမြန်မာအရောင်းဆိုင်များ (ရန်ကုန်၊ မန္တလေး၊ ပြည်၊ မကွေး)

ရုံးခန်းသစ် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Suntac Technologies Co., Ltd.၏ Operation Office

ကို အောက်ဖော်ပြပါလိပ်စာသို့ ဇန်နဝါရီလ (၁) ရက်၊ ၂၀၀၄ နှစ်သစ် မှ စတင်၍ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း မိတ်ဟောင်း၊ မိတ်သစ် များအား လေးစားစွာအသိပေး ကြေညာအပ်ပါသည်။

SUNTAC TECHNOLOGIES

Building (5), Room (7), MICT Park, Hlaing P.O (11052)

Yangon, Myanmar.

Tel : 652245, 652310 Fax : 652287

E-mail : suntac.group@suntac.com.mm

Yan Aung

စက်ရေတွင်း

-0980 23028

အားလပ်ရက်များမှာ အပန်းဖြေဖို့ စိတ်ကြိုက်ရအောင်

Yuzana Resort

YUZANA RESORT

Ngwe Saung Beach

E-mail - YUZANAHOTEL@mptmail.net.mm

Internet - http://www.yuzanagroup.com

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဦးဇော်မိုးထွန်း	၁၂/ဗတထ(နိုင်)၀၁၄၅၅၅	(၈၂၆) ၊ ကျွန်းချွေဝါလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၈၂၆	ဦးအိ	အမည်ပြောင်း
၂။	ဦးထွန်းထွန်း + ၁	၁၂/ဥကတ(နိုင်)၀၅၃၈၅၄	(၈၄၃) ၊ ကုန်းဘောင် (၁၀) လမ်း ၊ ၆ရပ်ကွက်၊	တ/ဥက္ကလာပ	၆	၈၇၉ (ခ)	ဒေါ်ကျင်အေး + ၁	ဂရန်ခွဲ
၃။	ဦးကိုလမ်းပေါင်	၅/ကလထ(နိုင်) ၀၂၈၄၇၉	(၁၂၅၀) ၊ (၇) ရပ်ကွက် ၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၇	၁၂၅၀	ဦးဝင်းစိုး	ဂရန်သစ်
၄။	ဦးကိုလမ်းပေါင်	၅/ကလထ(နိုင်) ၀၂၈၄၇၉	(၁၂၅၂) ၊ (၇) ရပ်ကွက် ၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၇	၁၂၅၂	ဦးတင်အောင်လေး	ဂရန်သစ်
၅။	ဒေါ်သိန်းသိန်း	၁၂/လမတ(နိုင်)၀၀၉၂၀၉	၅၆ ၊ ကိုင်းတန်းလမ်း ၊	လမ်းမတော်	၂၂X၂	V၂၀၉	မသိန်းသိန်း	ဂရန်မိတ္တူ
၆။	[illegible]	၁၂/ဗဟန(နိုင်) ၀၀၇၈၈၁	(၃၈) ၊ ကိုယ်မင်းကိုယ်ချင်းလမ်း ၊ ဗဟန်းမြို့နယ်	တ/ဥက္ကလာပ	၁၀	၂၃၁ (ခ)	ဒေါ်သန်းလှ	အမည်ပြောင်း
၇။	ဦးညွန့်ထွန်း + ၁	၁၂/ကတတ(နိုင်)၀၁၅၈၂၂	(၃၆၅)၊ ငုဝါလမ်း၊ (၂၄)ရပ်ကွက် ၊ ဒဂုံတောင်	ဒဂုံတောင်	၂၄	၃၆၅	ဦးညွန့်ထွန်း + ၂	မြေပုံကူး
၈။	ဒေါ်ဝင်းကြည်	၁၂/ဥကတ(နိုင်)၀၀၆၇၇၄	(၈၇/၂) ၊ ကရမက်လမ်း ၊ (၁၄/၃)ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၁၄/၃	၈၇/ခ	ဦးလှရွှေ	မြေပုံကူး
၉။	ဒေါ်စန်းမြင့်	ဂ/ရနခ(နိုင်) ၀၅၉၈၇၉	(၉၃၃)၊မိုးမခ(၄)လမ်း၊ ၄၆ရပ်ကွက် ၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၆	၉၃၀	ဦးကံလှ	အမည်ပြောင်း
၁၀။	ဦးခင်မောင်သန်း	၁၂/ပဘတ(နိုင်)၀၀၃၅၁၂	၈၉/၉၁၊ ၃၂လမ်း၊ ကျောက်တံတားမြို့နယ်၊	ဒဂုံဆိပ်ကမ်း	၆၉	၁၆၃၆	ဦးမင်းခင်	ဂရန်သစ်
၁၁။	ဦးစွန်တိုး+၁	၁၀/မလမ(နိုင်)၁၀၈၈၇၁	(၄၂၀)၊ပြည်တော်စုလမ်း၊၂၅ရပ်ကွက်၊ ဒဂုံတောင်ပိုင်း	ဒဂုံတောင်	၂၅	၄၁၄	ဦးညီမောင်	အမည်ပြောင်း
၁၂။	ဦးအေးမြင့် + ၁	၁၄/မအပ(နိုင်)၀၀၈၈၁၅	(၈၂၃)၊သခင်ထွန်းအုပ်လမ်း ၊ (၂ဂ)ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၈	၈၂၃	ဦးကျော်မိုးနိုင်	အမည်ပြောင်း
၁၃။	ဒေါ်ခင်မာလေး	၁၂/ဒဂန(နိုင်)၀၀၆၇၁၀	အမှတ် (၄) ၊ ဗိုလ်ချုပ်ရွာ ၊ ဗဟန်း	ဒဂုံမြောက်	၃၄	၄၀	ဗိုလ်မှူးစောလှိုင်	ဂရန်သစ်
၁၄။	ဦးမြင့်စိုး + ၁	၁၂/ရကန(နိုင်) ၀၅၅၅၈၂	(၉၁၊၁) ၊ နိုဘီလိုင်း ၊ ကန်/မြောက်၊မင်္ဂလာတောင်ညွန့်	မင်္ဂလာတောင်ညွန့်	၁၂H	V၁၈	မအေးမာ	မြေပုံကူး
၁၅။	ဦးလှအေး + ၂	၁၂/သဃက(နိုင်)၀၇၆၄၉၅	၁၅ ၊ ကွမ်းခြံတန်းလမ်း	ကြည့်မြင်တိုင်	၂၆စီ	V၃၂	ဒေါ်ခင်ညွန့် + ၅	မြေပုံကူး
၁၆။	ဒေါ်ယဉ်ယဉ်အေး	SDY -၀၁၂၀၈၉	(၂၉၃၊ခ)၊အောင်မင်္ဂလာလမ်း၊ကြို့ပွားရေးတောင်၊သဃင်္ကန်းကျွန်း	သဃင်္ကန်းကျွန်း	ကြို့ပွားရေး/တ	၄၆၃/က	ဦးချစ်ထွန်း	ဂရန်သစ်
၁၇။	ဒေါ်မြိုမာဝင်း +၁	၁၂/ဗတထ(နိုင်)၀၀၃၇၃၃	၁၉၇၊ ၃၆ ရပ်ကွက် ၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၆	၁၉၇	ဦးကျော်ရှိန်	ဂရန်သစ်
၁၈။	ဦးခင်ညွန့်	၁၂/ကတတ(နိုင်)၀၁၀၄၈၆	၂၉၃/ခ ၊အောင်မင်္ဂလာလမ်း၊ကြို့ပွားရေး/တ၊သဃင်္ကန်းကျွန်း	သဃင်္ကန်းကျွန်း	ကြို့ပွားရေး/တ	၄၆၃/ခ	ဦးထွန်းအောင်	ဂရန်သစ်
၁၉။	ဦးယာစင်(ခ)ဦးမြင့်ထွင်	၁၂/ကတတ(နိုင်)၀၀၈၁၆၀	(၄)၊ဓေါနုလမ်း၊င/ခရပ်ကွက်၊ သဃင်္ကန်းကျွန်း	သဃင်္ကန်းကျွန်း	၄၄	၂၁/က ၊ ၂၁/ခ	ဦးတင်ရောခစ်	အမည်ပြောင်း
၂၀။	ဒေါ်မြရီ(ခ)ထက်ထက်နိုင်+၂	၁၃/တခလ(နိုင်)၀၂၃၃၂၇	၁၁ ၊ အထက်ကြည့်မြင်တိုင်လမ်း၊	ကြည့်မြင်တိုင်	၂၆ဒီ၂	၁၇၉၊၁၈၀	သခင်အေး	ဂရန်တိုး

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရှမ်းမောမြေ

CAR RENTAL

ရန်ကုန်မြို့တွင်း/ပြင် ကားမျိုးစုံ ငှားရန်ရှိသည်။ Tour ပြေးလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း - ၂၉၇၇၂၈၊ ၃၇၀၉၆၉။

မိုး

တိုက်ခန်းရောင်းမည်

25' x 35' ဖလွှာ၊ အိပ်ခန်း(၂)ခန်း၊ မီးဖိုခံ၊ ဘေစင်၊ ရေ၊ မီးပိုင်၊ ပြည်ရိပ်မွန်၊ ကမာရွတ်မြို့နယ်။

TEL: 287749

ဝမ်းမြောက်ဂုဏ်ပြုခြင်း

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်တည်ထောင်သူဦးလှထွန်း C.P.A, D.H.Lဘဏ္ဍာရေးအတိုင်ပင်ခံ၊ လူမှုထူးချွန် ပထမဆင့်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၀၄ဖြင့် ဝိဇ္ဇာပညာထူးချွန်ပထမဆင့် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်း။

ကြည်ညိုလေးစားစွာဖြင့် –

စီမံခန့်ခွဲမှုကော်မတီဝင်များ

အတွင်းလူနာဗဟို၊ ရန်ကုန်နှင့်အတွင်းလူနာဗဟို၊ မန္တလေး

ဝန်ထမ်းမိသားစုများနှင့်ဝေဒနာရှင်ဧည့်သည်များ။

မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်းဖွဲ့စည်းခြင်းဖိတ်ကြားလွှာ

မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်းကို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ဖွဲ့စည်းပြီးဖြစ်ပါသည်။ ၄င်းအဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသည့်အသင်းဝင်လိုသူများတက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

ကျင်းပမည့်ရက် –၂၀–၁–၂၀၀၄

ကျင်းပမည့်အချိန် –နေ့လည် (၃း၀၀)နာရီ

ကျင်းပမည့်နေရာ –ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ။ အမှတ်(၃–က)၊ သံသုမာလမ်း၊ သုဝဏ္ဏမြို့နယ်၊ ရန်ကုန်မြို့။

တက်ရောက်လိုသူများ(၁၈.၂.၂၀၀၄)နေ့နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အထွေထွေအတွင်းရေးမှူး(၅၀၅၀၆၉၊ ၀၉–၅၀၂၁၃၂၈)

စာပေဗိမာန် (?) မောင်မောင်မြင့်အေး စီစဉ်မှုမ်းမံ တည်းဖြတ်သည်။
၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထုတ် ထွက်ပြီ
□ ထွန်းနန်းစွ မဟာသွဲ့သာရ □ သာမညာ ဆရာတော်ဘုရားကြီး (၄) ချောင် ပုံတော်
□ ဆရာကြီး မင်းသိခ်၏ ...
□ မောင်မောင်မြင့်အေး ၏ ဆရာကြီးမင်းသိခ် နှင့် ရက်ပေါင်း (၃၀)
... အမှတ် (၁၁၁) (၃၃) လမ်း ဖုန်း–၀၁–၂၉၃၁၉၁။

သန်းဒွေးနှင့် ချောင်းရင်းများ
Air Bag Express ...

ဒေါ်တင်အုန်း

အသက် (၈၃)နှစ်

(ကျိုက်လတ်)

ကျိုက်လတ်မြို့၊ (၆)လမ်းနေ (ဦးတင်ဦး–ဒေါ်အေး)တို့၏ သမီး၊ (ဦးစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ်–၂၀၃၊ မဥ္ဇူလမ်း၊ အောင်သိဒ္ဓိနေ ဦးမြင့်–ဒေါ်စန်းတင့်၊ ဦးလှမြင့်–ဒေါ်ရီတင်၊ ဦးသိန်းဇော်– ဒေါ်ညွန့်ညွန့်ရီ၊ ဦးသောင်းထွန်း–ဒေါ်မွန်မွန်ဦး၊ ဦးခင်ဝင်း East Wind s'pore–ဒေါ်စန်းစန်း၊ဦးဝင်းညွန့်၊ ဒေါ်ခင်မြင့်၊ (ဦးထွန်းအောင်ကျော်)–ဒေါ်ခင်ခင်အေးတို့၏ ချစ်လှစွာသော မိခင်၊ မြေး ၂၁ယောက်၊ မြစ် သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်အုန်းသည် ၈–၁–၂၀၀၄ (ကြာသပတေးနေ့)ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄တွင် (တနင်္လာနေ့) ညနေ ၃း၀၀နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများမွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

၂၈–၁၂–၂၀၀၃ရက်၊ ကြေးမုံသတင်းစာပါ ရန်ကုန်မြို့နေ ဒေါ်တင်တင်ဝင်း+၈၊ ဒေါ်ခင်သောင်း+၂တို့၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးလှဖေ၏ အများသိစေရန်ကြေညာခြင်းကို ပြန်လည်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၃၃)တွင် နေထိုင်သော ကျွန်ုပ်၏အမှုသည်များဖြစ်ကြသည့် ဒေါ်မြင့်မြင့်ရီ (အရပ်ခေါ်) မဖြူ [၁၂/ပဇတ(နိုင်)၀၀၇၇၄၄]နှင့် ဒေါ်ရီရီဝင်း [၁၂/ပဇတ(နိုင်)၀၀၈၃၃၁]တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများကို ပြန်လည်သတိပေး ကြေညာအပ်ပါသည်။

၂၈–၁၂–၂၀၀၃ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ အထက်တန်းရှေ့နေ ဦးလှဖေ၏ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၃၃) အဆောက်အအုံနှင့်ယင်းအဆောက်အအုံတည်ရှိရာ မြေတိုင်းရပ်ကွက်(၇–စီ)၊ မြေကွက်အမှတ်(၁)ဟုခေါ်တွင်သည့် အိမ်နှင့်မြေတို့သည် လက်ရှိ ကွယ်လွန်သူ ဦးဖိုးသွင်နှင့်ဒေါ်အေးခင်တို့၏ သား ကွယ်လွန်သူ ဦးချစ်ထွန်း၊ ကွယ်လွန်သူ ဒေါ်ထွေး၊ ကွယ်လွန်သူ ဦးဖေသောင်း၏ သမီး ဒေါ်မြင့်မြင့်ရီ (အရပ်ခေါ်) မဖြူနှင့် ကွယ်လွန်သူ ဦးချစ်ထွန်း၏ သမီး ဒေါ်ရီရီဝင်းတို့ (၄)ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ကို ၉–၆–၉၂ရက်စွဲပါ အမှတ်စဉ်(၅၄၂)ဖြင့် တရားဝင်မြေနေရာချထားပေးခဲ့၍ ကျွန်ုပ်အမှုသည်များက ယနေ့ထိတိုင် တရားဝင်လက်ရှိ နေထိုင်ပိုင်ဆိုင်လျက်ရှိကြပါသည်။

ရန်ကုန်မြို့နေ ဒေါ်တင်တင်ဝင်း(အရပ်ခေါ်) ဒေါ်မာချို+၈၊ ဒေါ်ခင်သောင်း(အရပ်ခေါ်)ဒေါ်နီတွတ်+၂တို့နှင့် ကျွန်ုပ်အမှုသည်များသည် ပြီးခဲ့သော ၂၀၀၃ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလ(၆)ရက်နေ့အထိတိုင် ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ အမွေကိစ္စညှိနှိုင်းကြရာ၊ ကျွန်ုပ်အမှုသည်များမှ ဖော်ပြပါအိမ်နှင့် မြေတို့နှင့်ပတ်သက်၍ ဒေါ်တင်တင်ဝင်း (အရပ်ခေါ်) ဒေါ်မာချို+၈၊ ဒေါ်ခင်သောင်း (အရပ်ခေါ်) ဒေါ်နီတွတ်+၂တို့အား ဖော်ပြပါအိမ်နှင့်မြေမှာ အမွေရှင် ဒေါ်အေးခင်ပိုင်ဖြစ်ကြောင်း၊ ၄င်းတို့မှာ အမွေမခွဲရသေး၍ အမွေဆိုင်များဖြစ်ကြကြောင်း၊ သက်သေခံအထောက်အထားများ တင်ပြစေရာ ယနေ့ထိတိုင် လူကြီးမင်းများမှ လုံးဝတင်ပြနိုင်ကြခြင်းမရှိသည့် အတွက် ကျွန်ုပ်အမှုသည်များမှ လူကြီးမင်းတို့အား အမွေခွဲဝေပေးရန်မလိုသဖြင့် မပေးနိုင်ကြောင်း ငြင်းဆိုခဲ့ကြပါသည်။

ဦးဖိုးသွင်မှာ လွန်ခဲ့သော နှစ်(၆၀)ကျော်ကလည်းကောင်း၊ ဒေါ်အေးခင်မှာ လွန်ခဲ့သော ၁၀–၅–၆၀ရက်နေ့ကလည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ကြပြီး၊ ၄င်းတို့မသေဆုံးမီက သားသမီးများကို အမွေခွဲဝေပေးခဲ့ကြပြီးဖြစ်သည်မှာ ဒေါ်တင်တင်ဝင်း (အရပ်ခေါ်) ဒေါ်မာချို+၈နှင့် ဒေါ်ခင်သောင်း (အရပ်ခေါ်) ဒေါ်နီတွတ်+၂တို့ အသိဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်များ တရားဝင်လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသည့် ဖော်ပြပါ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊(၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၃၃) အဆောက်အအုံနှင့်ယင်းအဆောက်အအုံတည်ရှိရာ မြေတိုင်းရပ်ကွက်(၇–စီ)၊ မြေကွက်အမှတ် (၁)ဟုခေါ်တွင်သော အိမ်နှင့်မြေတို့မှာ လူကြီးမင်းများကြေညာထားသည့် ဒေါ်အေးခင်ပိုင် မဟုတ်ပါ။ ကျွန်ုပ်အမှုသည်များ တရားဝင်လက်ရှိ နေထိုင်ပိုင်ဆိုင်လျက်ရှိသော ပစ္စည်းများသာဖြစ်၍ ယင်းပစ္စည်းများနှင့်ပတ်သက်၍ လူကြီးမင်းများမှ တားဆီးပိတ်ပင်ကန့်ကွက်ငြင်းဆိုတောင်းဆိုပိုင်ခွင့်ရှိမည်မဟုတ်ပါ။ ကျွန်ုပ်အမှုသည်များအနေဖြင့် ယင်းပစ္စည်းများအပေါ် သင့်သလိုစီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိ၍ လူကြီးမင်းများ၏ ကြေညာချက်အပေါ် လိုက်နာဆောင်ရွက်စရာ မလိုသည့်အတွက် ကျွန်ုပ်အမှုသည်များမှ ရှေ့ဆက်လက်ပြီး သင့်သလိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဒေါ်တင်တင်ဝင်း(အရပ်ခေါ်)ဒေါ်မာချို+၈နှင့် ဒေါ်ခင်သောင်း (အရပ်ခေါ်) ဒေါ်နီတွတ်+၂တို့အနေဖြင့် ကျွန်ုပ်အမှုသည်များအပေါ် အခြားသူများမှ အထင်အမြင်လွဲမှားစေရန် သတင်းစာများမှ ကြေညာခြင်းကို နောက်နောင် ယခုကဲ့သို့ မဆင်မခြင်ဆက်လက်မပြုလုပ်ကြရန်၊ လူကြီးမင်းများ၏ အများသိစေရန် ကြေညာခြင်းကို ယနေ့မှစ၍ အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန်နှင့် ကျွန်ုပ်အမှုသည်များ၏ အကျိုးစီးပွား ဂုဏ်သရေကို ထိခိုက်နစ်နာစေမည့် ဆောင်ရွက်ချက်များကို နောက်နောင်ထပ်မံ မပြုလုပ်ကြရန် ပြင်းပြင်းထန်ထန် သတိပေးတားမြစ်လိုက်ပါသည်။ မလိုက်နာပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာ ထပ်ဆင့် ပြန်လည်သတိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ရီ(အရပ်ခေါ်)မဖြူနှင့်ဒေါ်ရီရီဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစန်းတင့်(တရားရုံးချုပ်ရှေ့နေ)စဉ် – ၂၅၁၉
အမှတ်(၂၀/၂)၊ နှင်းဆီလမ်း၊ (၁၂)ရပ်ကွက်၊ သုံးခွမြို့။ အိမ်ဖုန်း – ၃၉၀၄၂၂–၂၁၄၇။

နှစ်ပြီးသေဆအာတုတာရာဝင်လက်ထပ်ခြင်း
ကျွန်မ ဒေါ် ... (MDYME–...)နှင့် ဦး... (BMDY–...) တို့သည် (...)
ရက်တွင် ...
... အမှတ် ... ဖုန်း–...

ဆာနူးကြီး အကြော်အားတိုးဆေး
... ☎ - 377491

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏မွေးစားသား မောင်စန်းလွင်[၁၂/သကတ(နိုင်)၁၂၀၁၅၃]သည် ကျွန်မအား မိဘလိုသဘောမထားဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် မွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ တာဝန်မယူပါ။

မိခင်–ဒေါ်လုံးတုံး
[၁၂/သကတ(နိုင်)၀၄၈၁၀၈]

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးအောင်တင့်(ခ) ဦးကျင်စိန် (မအူပင်)

အသက်(၉၆)နှစ်

ရွှံ့ဆန်စက်ပိုင်ရှင်

မအူပင်မြို့၊ အမှတ်(၁၀)၊ (၅)လမ်းနေ (ဒေါ်စွန်နား)၏ခင်ပွန်း၊ ဒေါ်ကျင်မှုံ၊ (ဦးသောင်းစိန်)–ဒေါ်ညွန့်ရီ၊ ဦးမျိုးထွန်းဦး–(ဒေါ်ကျင်စု)၊ ဦးမောင်ဝင်း (မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မအူပင်)–ဒေါ်နွယ်နီတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၉–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၁–၂၀၀၄ (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် မအူပင်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော်(ခ)ကိုပြုံး

(၇၁)နှစ်

မိတ္ထီလာ–GEO-BCS

မိတ္ထီလာ၊ လင်းဇင်းရပ်၊ အိမ်အမှတ်(၂၄)နေကန်ထရိုက်တာ(ဦးထွန်းအောင်–ဒေါ်စိန်ညွန့်)တို့၏သား၊ ဒေါ်ခင်ပု၊ (ဒေါက်တာကျော်ဇင်) ပါမောက္ခချုပ် (ငြိမ်း) ရေဇင်းစိုက်ပျိုးရေးတက္ကသိုလ်–ဒေါ်တင်တင်ခင်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း) အထက–၈၊ မန္တလေး၊ ဦးမြင့်ဇင် (လဝက တိုင်းဦးစီးမှူး(ငြိမ်း)–ဒေါ်စောလှ၊ (ဦးထွန်းခိုင်) [တိုင်းပညာရေးမှူး စစ်ဆေးရေး(ငြိမ်း)]–ဒေါ်မြသောင်း [အထက်တန်းပြ (ငြိမ်း) အထက–၁၊ မိတ္ထီလာ]တို့၏ညီ၊ ဦးဇင်ဦး A/E လမ်းအထူးအဖွဲ့(၄)ဆောက်လုပ်ရေး၊ (ကျောက်ကုန်း)၊ ဦးထင်ကျော်(Chief Accountant The Hotel @ Tharabar Gate)၊ ဦးမြင့်ကျော် (Accountant Sakura Residant)–ဒေါ်မြတ်သန္တာစိုး (Brun Embassy)၊ ဒေါက်တာကျော်မြင့်ထွန်း (ဆေး–၁၊ ရန်ကုန်)၊ မောင်ညီညီဇင်တို့၏ဦးလေး၊ မရွှန်းလဲ့ဝေ၏အဘိုးသည် ၉–၁–၂၀၀၄ ရက် ညနေ ၆ နာရီအချိန်တွင် မိတ္ထီလာမြို့နေအိမ်၌ ကွယ် လွန်သွားပါကြောင်းနှင့် ၁၀–၁–၂၀၀၄ရက်တွင် မိတ္ထီလာမြို့မြင်တော်သန်သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတိုးနိုင်(သရုပ်ပြ၊ ငြိမ်း၊ သွားဆေးတက္ကသိုလ်)၏ဖခင်ဖြစ်သူ ဦးအုန်းစိန် အသက်(၈၄)နှစ်သည် ၃၀–၁၂–၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

11th B.D.S သူငယ်ချင်းများ။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ဥက္ကံမြို့မအသင်း(ရန်ကုန်)နာယက

ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)

အသက်(၇၄)နှစ်

သံအမတ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၁၅)၊ ဒုတိယထပ်နေ ဥက္ကံမြို့မ လူမှုရေးအသင်းနာယက ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)သည် ၈–၁–၂၀၀၄ရက်တွင် ကွယ်လွန်၍ ၁၀–၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဦးအုန်းလွင် (၅၉)နှစ်

(လေကြောင်းထိန်း)

A.T.P.O(1)၊ ရန်ကုန်လေဆိပ်

ရန်ကုန်မြို့၊ အမှတ်(၃၄၈)၊ ဗိုလ်မင်းရောင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ(ဦးကိုကိုကြီး)–ဒေါ်တင်စိန်တို့၏သား၊ (ဦးဆင့်–ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်ခင်ပြုံးဆင့်၏ ခင်ပွန်း၊ မောင်ဇင်ကိုလွင်(FP-II)(IM-2)၏ဖခင်၊ ဦးအုန်းသွင်–ဒေါ်ခင်နု၊ ဦးနေဝင်း၊ ဦးဖေသိန်း–ဒေါ်ကြူကြူဝင်း၊ ဦးအောင်ဝင်း–ဒေါ်စမ်းစမ်းညွန့်၊ ဒေါ်နီနီစိန်–ဦးမြင့်ကျော်၊ ဦးစံဝင်း–ဒေါ်စမ်း၊ ဒေါ်ဖြူဖြူစိန်–ဦးဝင်းထိန်၊ ဦးခင်မောင်အေး–ဒေါ်စန်းစန်းမော်၊ ဦးခင်မောင်ထွေး၊ ဒေါ်ဝါဝါစိန်–ဦးကျော်ထင်အောင်တို့၏အစ်ကိုကြီးသည် ၆–၁–၂၀၀၄(အင်္ဂါနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်အေးကြည်(Edna)

အသက်(၈၄)နှစ်

B.A.,B.L, Advocate

ဥပဒေပညာရှင်(ငြိမ်း)၊ ရှေ့နေချုပ်ရုံး

ဓိဝိတဒါနသံဃာ့ဆေးရုံကြီး(ဗဟန်း)

အုပ်ချုပ်ရေးအဖွဲ့ဝင်၊

သီလရှင်ဆေးရုံနာယက

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၆၈)၊ ရွှေဂုံတိုင်လမ်းနေ (သရေစည်သူ ဦးချွန်ဖောင်၊ တရားလွှတ်တော်တရားဝန်ကြီးနှင့်ရှေ့နေချုပ်၊ ငြိမ်း)–(ဒေါ်ဒေါ်မာ)တို့၏ သမီးကြီး၊ (ဝဏ္ဏကျော်ထင် ဦးဝိန်–သိပ္ပံပညာဝန်)၏ ဇနီး၊ (ဦးကံညွန့်)–(ဒေါ်မြမြ၊ ကထိက၊ အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်)၊ (ဦးကျော်တင့်၊ တိုင်းပညာရေးမှူး၊ ရန်ကုန်တိုင်း)–ဒေါ်ရီရီခင် (လ/ထညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန၊ ငြိမ်း)တို့၏ အစ်မ၊ ဦးရဲမြင့်(ဒုညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)–ဒေါ်ခင်မာမင်း(လ/ထညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)တို့၏ ကြီးတော်၊ မြင့်မောင်တင့်၊ မြင့်မောင်ဆင့်၊ မမြင့်သူဇာမင်းတို့၏ ဘွားဘွားသည် ၇–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နုမေ (၅၃)နှစ်

ကျန်းမာရေးမှူး
(မောင်တော)

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးဖိုးလှ–ဒေါ်စိန်လှဖြူ)တို့၏ သမီး၊ ကျေးပင်ကြီးရပ်ကွက်နေ ဦးစိန်ထွန်း–ဒေါ်စောညွန့်တို့၏သမီးချွေးမ၊ ဦးစံရွှေမောင်(တရားရုံး၊ မောင်တော)၏ ဇနီး၊ မောင်ဇော်ဦး(ငွေဖြိုးထွန်းကုမ္ပဏီ)၊ မနုမြစံ(နောက်ဆုံးနှစ် B.Agri၊ရေဆင်း)တို့၏ မိခင်ဒေါ်နုမေသည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက်တွင် အာကျိတ်တော် ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိန်မျိုးဝင်း(ဒိုးဒီ)

အသက်(၃၆)နှစ်

B.A (Myanmar) M.DIV

ရန်ကုန်မြို့၊ မြေနီကုန်းတောင်၊ ဦးဝိစာရလမ်းသွယ်၊ တိုက်(၁၀၄/၇)နေ (ဦးဘအေးဝင်း)–ဒေါ်အက်စတာစံလှိုင်တို့၏ သားကြီး၊ (ဦးမောင်လှ)–ဒေါ်စနိုးဒြေဇတို့၏ သားသမက်၊ ကိုလှိုင်မျိုးဝင်း–မနေနေဌေး၊ ကိုခိုင်မျိုးဝင်း–မတင်နွယ်ဝင်း၊ ကိုရန်နိုင်ဝင်း–မစန္ဒာ၊ ကိုနေမျိုးဝင်းတို့၏ အစ်ကိုကြီး၊ အမှတ်(၁၃/က)၊ ဇီးအုံကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်နေ မနော်ဂရေ့စ်ပန်းပန်းလှ၏ ခင်ပွန်း၊ နော်ပန်းအိန္ဒြာဝင်း၊ စောဂျော့ရှုဝင်းတို့၏ ဖခင်သည် ၆–၁–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၈–၁–၂၀၀၄ရက်တွင် အင်းစိန်ကျမ်းစာကျောင်းကုန်းဖူးသာဖြူခန်းမဆောင်၌ ဝတ်ပြုပြီး ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးထင် (၉၈)နှစ်

မူလတန်းကျောင်းအုပ်ဆရာကြီး(အငြိမ်းစား)
မော်ကွန်းဝင်တတိယဆင့်
(လမုတန်းကြီး)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကျောက်ပြားစက်လမ်း၊ အမှတ်(၃၅၂)နေ (ဦးသာဖေ-ဒေါ်ဖွားညွှန့်)တို့၏ သား၊ ဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)-ဒေါ်လှိုင်မြင့်အေး၊ (ဦးတင်လှိုင်-ဒေါ်အမာ)၊ ဦးမြစိုး-ဒေါ်သိန်းရွှေ၊ ဦးလှသိန်း-(ဒေါ်သိန်းငွေ)၊ ဦးမြင့်စိုး-ဒေါ်မြမြ၊ ဦးသိန်းထွန်း-ဒေါ်အုန်းသန်း၊ ဦးအောင်သောင်း-ဒေါ်တင်ကြည်၊ ဒေါ်အေးမြင့်၊ ဦးကျင်စိုး-ဒေါ်သန်းစု(မြတ်လေးမူကြို)၊ ဗိုလ်မှူးစိုးမြင့်(ငြိမ်း၊ မြို့တော်စည်ပင်)-ဒေါ်ညွှန့်ညွှန့်သန်းတို့၏ ဖခင်၊ မြေး ၃၃ယောက်၊ မြစ် ၂၂ယောက်၊ တီတစ်ယောက်တို့၏ အဘိုး ဦးထင်သည် ၁၀-၁-၂၀၀၄ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)

B.A(Rgn) M.A(Journalism) (Minnesota, U.S.A)

အသက်(၈၇)နှစ်

ညွှန်ကြားရေးမှူး(အငြိမ်းစား)၊ စာပေဗိမာန်
မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)
အမျိုးသားစာပေဆုရှင်(၁၉၉၂)
တစ်သက်တာစာပေဆုရှင်(၁၉၉၆)
အရှေ့တောင်အာရှစာပေဆုရှင်(၂၀၀၁)
ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃)

စာတော်ဖတ် ဦးမောင်မောင်ကြွယ်-ယင်းမာချောင်းခင်လေးတို့၏ မြေး၊ မန္တလေးမြို့နေ(ဦးစံ-ဒေါ်ခင်ခင်တိုး)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ ဇီဇဝါဥယျာဉ်၊ ခြံအမှတ်(၈)နေ ဒေါ်ခင်ခင်နွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းမောင်-ဒေါ်လှရီ)၊ (ဦးတင်ထွဋ်-ဒေါ်မေတင်ထွဋ်)တို့၏ ညီ/မောင်၊ Capt ဦးအေးထွဋ်-ဒေါ်မြမြဝင်း၊ မသီဂီ(Myanmar Times)တို့၏ ချစ်လှစွာသောဦးလေးသည် ၁၁-၁-၂၀၀၄ရက် နံနက်၇နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၁-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)

B.A (Rgn), M.A (Journalism) (Minnesota, U.S.A)

ညွှန်ကြားရေးမှူး(အငြိမ်းစား)၊ စာပေဗိမာန်
မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)
အမျိုးသားစာပေဆုရှင်(၁၉၉၂)
တစ်သက်တာစာပေဆုရှင်(၁၉၉၆)
အရှေ့တောင်အာရှစာပေဆုရှင်(၂၀၀၁)
ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃)

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)သည် ၁၁-၁-၂၀၀၄ရက် နံနက်၇နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအမှုဆောင်ကော်မတီ၊မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၂၉/၂၇၄)နေ ဗိုလ်သင်တန်းအပတ်စဉ်(၃၁)မှ ဒုတိယဗိုလ်မှူးကြီးတင်လှ(ငြိမ်း)၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော၊ လိုက်ပါပို့ဆောင်ခဲ့ကြသော၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် အားပေးစကားပြောကြားခဲ့ကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊အရာရှိ၊အရာခံ၊ အကြပ်၊စစ်သည်များ၊ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများ ကွယ်လွန်သူ၏ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။၁၃-၁-၂၀၀၄ (အင်္ဂါနေ့) နံနက်၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်လွင်(၆၈)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း
အထည်အလိပ်၊ စက်မှု-၁

ဦးသန်းထိုက်အောင် (MC. DermottCo,Ltd) - ဒေါ်သီသီလွင်တို့၏ ဖခင် ဦးအောင်လွင်သည် ၃-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **သူငယ်ချင်းများ (MC.Dermott S.E.A.Pte.Ltd.,)**

ဦးစိန်လှ

အသက်(၆၀)

(FITTER)
MON SOON

ရန်ကုန်မြို့၊ အမှတ်(ခ/၂၈၅)၊ (၄)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေ (ဦးမိုးညို-ဒေါ်ခင်ညွှန့်)တို့၏ သား၊ (ဦးအေးသောင်-ဒေါ်ဘုတ်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းရီ(ခ)မတာ၏ ခင်ပွန်း၊ (ဦးသံလုံး)-ဒေါ်သန်းသန်းအေး၊ (ဦးတင်ရွှေ-ဒေါ်စိုးမြင့်)၊ [ဦးတင့်ဆွေ(ခ)ဦးနောက်ထိုး - ဒေါ်သန်းသန်းဆင့်]၊ (ဦးမြင့်ဦး-ဒေါ်သန်းသန်းနွယ်)တို့၏အစ်ကို၊ (ကိုအောင်နိုင်-မေသန္တာအေး)၊ (ချစ်ကိုကိုလွင်-ပန်းအိဖွေး)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး ဦးစိန်လှသည် ၁၀-၁-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၁-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးရောဘက်ပိုးလူ (၆၈)နှစ်

S.A.E ဆည်မြောင်း၊ငြိမ်း

ရန်ကုန်တိုင်း၊ မ/ဥက္ကလာပမြို့နယ်၊ နွယ်နီ(၉)လမ်း၊ အမှတ်(၃၈၅)နေ (ဦးဖိုးလူ-ဒေါ်ဖွားရင်)တို့၏ သားကြီး၊ (ဦးပေါ်ဦး-ဒေါ်သဲလှ)တို့၏သားသမက်၊ ဒေါ်မေလွင်ဦး(ဆည်မြောင်း၊ငြိမ်း)၏ ခင်ပွန်း၊ (ဒေါ်စီလီယာပိုးလူ-သစ်တောဦးစီးဌာန၊ ငြိမ်း)-(ဦးတက်ချန်း)၊ (ဦးကစ်ချနာ ဖိုးလူ)-ဒေါ်ညွှန့်ညွှန့်တို့၏ အစ်ကိုကြီး၊ ဦးS'ကဲနက် - ဒေါ်ကြည်ကြည်ဇင်၊ ဦးတိုင်းလွင်(S.A.E၊ ဆည်မြောင်း)- ဒေါ်ကက်သရင်း၊ ဦးကျော်ကျော်ထွန်း- ဒေါ်သီတာထူး၊ နန့်မြသဇင်၊ နန့်သန်းသန်းမြင့်(ခ)မိငယ်တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး ဦးရောဘက်ပိုးလူသည် ၁၁-၁-၂၀၀၄ ရက် ညနေ ၃း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၃-၁-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရှင်ဂျော့ဂျ်ကာ အင်္ဂလီကန်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ် အသင်း(ရန်ကုန်)

ဦးမျိုးသန်း(၄၄)နှစ်

ကျန်းမာရေးဦးစီးဌာန၊ ပုလော
အသင်းဝင်အမှတ် (၁၁၃၈)

ပုလောမြို့နယ်၊ ဂျက္ကာရွာနေ (ဦးသက်ဟို) ဒေါ်သောင်းကြည်တို့၏ သား၊ ဒေါ်အုံးမြတ်၏ခင်ပွန်း ဦးမျိုးသန်းသည် ၉-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၁-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ဂျက္ကာရွာနေအိမ်မှ ဂျက္ကာရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ ကျောင်း၊ သိမ်၊
တန်ဆောင်း၊ ရဟန်းဒါယကာကြီး

ဦးဖိုးခွေး

အသက်(၈၀)

(သနပ်ပြင်)

ကိုရဲထွဋ်-မမြင့်မြင့်စိုး၊ ကိုကျင်ဟုတ်-မသန်းသန်းဌေး၊ ကိုမြတ်ဝဏ္ဏ-မဆွေဆွေသန်း၊ ကိုအောင်လွင်-မဌေးစီ၊ ကိုကျော်မိုး-မနွယ်နွယ်ဦး၊ ကိုအောင်တင်-မဖြူဝင်း၊ ကိုဟန်ဝင်းဇော်၊ ကိုကျော်ထူး-မသန်းသန်းဦး၊ ကိုမျိုးမင်းလှိုင်၊ မတင်မာလွင်၊ မအိအိထွန်း၊ မစုစုထွန်း၊ ကိုကျော်ဇင်မိုး၊ မသန္တာ၊ ကိုခင်မောင်မြင့်၊ မသွယ်သွယ်မိုး၊ ကိုအောင်ဇော်၊ မမာမာဆွေ၊ ကိုဟန်ဝင်းအောင်၊ မအေးအေးနွယ်၊ မကေသီခိုင်(ခ)မှုံမှုံ၊ မအိဆွေဇင်ခိုင်(သုံးသုံး)၊ မယမုံသီတာခင်၊ မောင်ရဲရင့်အောင်၊ မောင်ဉာဏ်ဇော်အောင်၊ မရွှေပိုးဥ၊ မအူဝဲတို့၏ အဘိုးသည် ၁၀-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ သနပ်ပြင်ကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ သိမ်၊
တန်ဆောင်း၊ ရဟန်းဒါယကာကြီး

ဦးဖိုးခွေး

အသက်(၈၀)

(သနပ်ပြင်)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာနေ ဦးမိုးဦး-ဒေါ်မိုးတို့၏ သား၊ ဦးစံပ-ဒေါ်လှတင်တို့၏ သားသမက်၊ ဒေါ်ပွေး၏ ခင်ပွန်း၊ ဦးချစ်ခဲ-ဒေါ်နီတို့၏ အစ်ကို၊ ဦးချစ်ဆွေ-ဒေါ်ပန်းရီ၊ ဦးလှထွန်း-ဒေါ်တုတ်၊ ဦးချစ်ဟန်-ဒေါ်ကြည်ကြည်မာ၊ ဦးဝင်းဆွေ-ဒေါ်အေးမြင့်၊ မနွဲ့ရီ၊ ကိုနိုင်ဝင်းအောင်-မပြုံးကြည်၊ ကိုစိုးနိုင်-မသီသီနွယ်၊ ကိုကျော်နိုင်-မဝါဝါခင်တို့၏ ဖခင်၊ မြေး ၁၈ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးသည် ၁၀-၁-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ သနပ်ပြင်ကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်ဦး

အသက်(၆၀)

မြောင်းမြ

မြောင်းမြမြို့၊ ကြာကန်မြို့သစ်နေ ဦးညွှန့်ဝင်း-(ဒေါ်ပိုး)တို့၏ သား၊ မြောက်ဥက္ကလာပမြို့နေ ဦးကံညွှန့်-ဒေါ်သောင်းတို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ်(၇၁၈)နေ ဒေါ်ငြိမ်းငြိမ်း၏ခင်ပွန်း၊ ဦးကျော်သူရ(ငယ်/ယာ-၃)၊ ဒေါ်မိုးဥမ္မာဦး(ငယ်/ယာ-၃)၊ ဦးဝင်းအောင်မိုး-ဒေါ်နှင်းသန္တာဦး၊ဦးအောင်မင်းဇော်(2/0)-ဒေါ်အေးစန္ဒာဦး၊ ဦးအောင်ဇေယျဦး-ဒေါ်အေးအေးမြင့်၊ မဆောင်းဟေမာန်ဦး (အထက-၂၊ တောင်ဥက္ကလာပ)တို့၏ မွေးသဖခင်၊ ဒေါ်ခင်မြင့်၊ ဦးချစ်သန်း-ဒေါ်ယဉ်မြင့်တို့၏ မောင်၊ ဦးအေးကိုထွန်း-ဒေါ်ဝင်းမြင့်၊ ဦးခင်မောင်ဦး-ဒေါ်စန်းမြင့်၊ (ဦးသန်းလွင်) - ဒေါ်ယဉ်မြင့်တို့၏ အစ်ကိုသည်၁၁-၁-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ကွယ်လွန်ပါ၍ ၁၃-၁-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက်၁၁နာရီ ထွက်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ကျိန်ငင်း

အသက်(၈၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ (U Tuang Kho Thang)၏ ဇနီး၊(U Kam Za Cin)-Daw Vung Awi၊ (U Lam Za Mang)-Daw Gwat Thaw၊ (Daw Hau Cing-Lt.Col Son Za Thang)၊ U Vungh Cin Pau (ကျောင်းကျန်းမာရေး-ငြိမ်း)-Daw Dim Man Cing၊ (U Khai Za Lian)-Daw Dim Kho Ciang(မာဆေးခန်း-တာဟန်း)၊ Sm Niang Za Hau (သူနာပြု-ငြိမ်း)-U Maung Maung Kyi(ဒု-ထွေ-ဂျာ MITS-ငြိမ်း)၊ Sm Vung Za Man (သားဖွားဆရာမ)၊ ဒု-ရဲမှူး Lam Cin Khai-Daw Tua Niang၊ Sm Cingh Za Pau (လယ်/ပြ)U Khai Ngin, Daw Mang Khan Cing-(U Ngo Kho Pau)၊ Daw Hau Khan Dim-U Hla Myintတို့၏မိခင်၊မြေး၄၆ယောက်တို့၏ အဘွားသည် ၁၀-၁-၂၀၀၄ရက်တွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ ပင်လုံ(၁၀)ရပ်ကွက်၊အမှတ်၂၀၅တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၁-၂၀၀၄ ရက် မွန်းလွဲပိုင်းတွင် အထက်ပါနေအိမ်မှ ကလေးမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသူရမြင့်လွင်(ငြိမ်း)

အသက်(၆၂)နှစ်

အထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာ့ကြဲလုပ်ငန်း

သာယာဝတီမြို့နေ (ဦးထွန်းလင်း)-ဒေါ်စိန်သန်းတို့၏သား၊ စစ်တွေမြို့၊ (ဦးစိန်ရွှေအောင်-ဒေါ်ဒါလှဦး) တို့၏ သားသမက်၊ပုသိမ်မြို့၊ရွှေဝတ်မှုံ(၂)လမ်း၊ အမှတ်(၃၃)နေ ဒေါ်ခင်အေးမေလွင်၏ ချစ်လှစွာသောကျေးဇူးရှင်ခင်ပွန်း၊ ဒုရဲအုပ်ငွေတင် (အသည်ကြီးရဲစခန်း)-ဒေါ်ချိုလွင်ပပဦး၊ ဗိုလ်ကြီးသန့်လွင်အောင်- ဒေါ်ချိုလွင်ပပမာ(မြန်မာ့ကြဲလုပ်ငန်းရုံးချုပ်)၊ ဦးရဲလွင်အောင် (မြန်မာ့သစ်လုပ်ငန်း ရောင်း/စက်)-ဒေါ်ကျော့ကျော့ဝင်း၊ ဒေါ်ချိုလွင်ပပမိုး(မြောင်းမြပညာရေးကောလိပ်)၊ ဗိုလ်ကြီးဇော်မင်းစိုး-ဒေါ်ချိုလွင်ပပတိုး၊ဝိုင်းအံ့ချစ်၊ စုပုံချစ်၊ သဲတုံချစ်၊ သက်လုံးချစ်တို့၏ ကျေးဇူးရှင်ချစ်ပါပါ ဗိုလ်မှူးသူရမြင့်လွင်(ငြိမ်း)သည် ၁၀-၁-၂၀၀၄ရက် နံနက်၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းမြင့်

အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၈၀)၊ မြေညီထပ်နေ(ဦးအုံး-ဒေါ်လှခင်)တို့၏သား၊ ဒေါ်မြင့်မြင့်-ဦးမြင့်သိန်း၊ ဒေါ်အေးအေးမြင့်၊ ဦးရာကျော်(ခ)ဦးသိန်းအောင်-ဒေါ်အေးအေးသန်း၊ ဒေါ်ရင်ရင်မေတို့၏ညီ/မောင်၊ ဦးရဲဝင်း-ဒေါ်သန်းသန်းဌေးတို့၏ အစ်ကို၊ တူ၊ တူမ ၁၅ယောက်တို့၏ ဦးလေးသည် ၁၁-၁-၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၇း၃၀နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်သဲသဲ

အသက်(၇၃) နှစ်

ကာကွယ်ရေးဝန်ကြီးဌာန(ငြိမ်း)

အရေးပိုင်မင်း ဦးဘိုးသဲ-ဒေါ်ကြင်တို့၏မြေး၊ ရန်ကုန်မြို့ အမှတ်(၁၀၅)(၄၃)လမ်းနေ (ဦးဘလှိုင်- ဒေါ်မမလေး)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးခင်ညွှန့် R/O)-ဒေါ်တင်တင်ရီတို့၏ ညီမ၊ ဦးစိုးမြင့် (မန်နေဂျာ၊ ယခင်ရပ်ရှင်ကော်ပိုရေးရှင်း)၏ ဇနီး၊ မပြုံးပြုံးကြည် (ပညာရေးစီမံကိန်း)၊ (မခင်ဦးလွင်)၊ (မဝင်းဝင်းမေ)၊ ကိုသန်းလွင်-မဥမ္မာလွင်၊ မအေးအေးအောင် (စာရင်းစစ်ချုပ်ရုံး)၊ မောင်မြတ်ကျော်တို့၏ အဒေါ်၊ မြတ်ကေခိုင်၊ ယဉ်ကေခိုင်၊ လွင်ကိုကို၊ လွင်မောင်မောင်တို့၏ အဘွားလေး သည် ၇-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၀၄(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီး ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်အောင် (၆၂)နှစ်

ထားဝယ်မြို့

တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ အိုးလုပ်ရပ်၊ ရွာလယ်လမ်း၊ အမှတ်(၉၉)နေ (ဦးဖိုးအောင်-ဒေါ်ခင်နု)တို့၏သား၊ ထားဝယ်မြို့၊ကညွှဲရပ်၊ ဒါနလမ်း၊ အမှတ်(၂၅၆)နေ ဒေါ်မြရီ(သစ်စက်)၏ခင်ပွန်း၊ ဦးလှဝေ(လ/ထမန်နေဂျာ၊ ဘဏ္ဍာရေး၊ မြန်မာ့မီးရထား)- ဒေါ်သန်းသန်းအေး၊ မောင်ကျော်ကျော်အောင်တို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၁-၂၀၀၄ရက်တွင် ထားဝယ်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၁-၂၀၀၄ရက်တွင် ထားဝယ်မြို့ ဝဲကျွန်းသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးကျော်ဝင်း(ဆရာကျော်)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်ကြီး ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၅)နေ (ဦးအေး)-ဒေါ်မြင့်တို့၏ သားကြီး၊ ဦးကိုလှ-ဒေါ်ခင်ရီတို့၏ သားသမက်၊ ဒေါ်ခင်အုန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကျော်ဇေယျာလင်း (သန်လျင်၊ G.T.C.,Civil)၏ ဖခင်သည် ၁၀-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၁-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်လွင်

အသက်(၃၅)နှစ်

(ရေနံချေးရောင်းဝယ်ရေး)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၁၁၆)၊ ပထမထပ်နေ ဒေါ်ဌေး၏ ခင်ပွန်း၊ မအိသန္တာကျော်၏ ချစ်လှစွာသောဖခင် ဦးကျော်လွင်သည် ၈-၁-၂၀၀၄ရက်တွင်နေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၁-၂၀၀၄ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Lia Neam Za Pau

အသက်(၂၄)နှစ်

ချင်းပြည်နယ်၊ ထုတ်လိုင်ရွာ (Pa Hang Ko Tint) မန်နေဂျာ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)၊ Nu Vung Khan Dimတို့၏ ဒုတိယသမီး၊ Dim Lun Mang ၏ညီမ၊ Lia Pum Ciang (Pui Pui)Tg Vum Lun Mung(မုံမုံ)၊ Lia Mang Saan Nuam၊ Tg Pau Lian Thang (လျှန်လျှန်)တို့၏ ချစ်လှစွာသောအစ်မ၊ ဗိုလ်ကြီးငိုကျင်ပေါ်(ငြိမ်း)၏ တူမ၊ Lia Neam Za Pau (Neam Pi) သည် ၁၁-၁-၂၀၀၄ရက် နံနက်၁၀နာရီတွင် တိုက်(၁၁)၊ အခန်း(၁၀၁)၊ (၁၄) လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၁-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် အမှတ်(၁၅၂)၊ ဗိုလ်မြတ်ထွန်းလမ်း၊ စီးယင်းနှစ်ခြင်းခရစ်ယာန်ဘုရား ကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် သချိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အန္တိမအဂ္ဂိဈာပနပူဇာသဘင်

ဘဒ္ဒန္တ သီလဝန္တ မဟာထေရ်မြတ်

သိက္ခာတော်(၆၄)ဝါ၊သက်တော်(၈၄)နှစ်

သံဃနာယကဥက္ကဋ္ဌ၊ တတိယဂိုဏ်းချုပ်

၁၃၆၅-ခု၊ တပို့တွဲလပြည့်ကျော်(၆)ရက်နေ့မှ ၁၂ရက်နေ့ထိ ရေးမြို့နယ် အံဒင်ကျေးရွာတွင် ဈာပနသဘင်ကျင်းပမည်ဖြစ်ပါသည်။ တပို့တွဲလပြည့်ကျော် ၁၂ရက်ရက် ညတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ည၁၂နာရီတွင် လျှပ်စစ်မီးဖြင့် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဗဒ္ဓပရိသတ်များ လာရောက် ဖူးမြော်ပူဇော်နိုင်ရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
အံဒင်ကျေးရွာ၊ ရေးမြို့နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဦးစန္ဒိမာ

သိက္ခာတော်(၃၄)ဝါ၊ သက်တော်(၇၅)နှစ်

ပဲခူးတိုင်း(အနောက်ပိုင်း)၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ စံရွှေတန်းလမ်း၊ ဘောလုံးကွင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက မင်္ဂင်ဓမ္မရိပ်သာကြီး၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးစန္ဒိမာသည် ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်၊ ၁၀-၁-၂၀၀၄(စနေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်၊ ၁၆-၁-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။

ဈာပနကော်မတီ၊
ဘောလုံးကွင်းကျောင်းတိုက်၊ သုံးဆယ်မြို့။

ဒေါ်ရွှင်

အသက်(၈၀)

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ ဓာတ်ပေါင်းစေတီလမ်းနေ ဒေါ်ကြိမ်ကြိမ်၏ အစ်မ၊ (ဦးကျော်စိန်)၊ ဒေါ်အုန်းရီ၊ ဦးခင်အောင်-ဒေါ်တင်တင်၊ (ဦးခင်မောင်ညွှန့်)-ဒေါ်ဝင်းဝင်း၊ ဦးဇော်ဝင်း-ဒေါက်တာနှင်းနှင်းစိန်၊ ဒေါ်အေးအေးချို၊ ဒေါ်ရီရီမျိုး၊ ရန်ကုန်မြို့နေ ဦးကံထွန်း-ဒေါ်လှလှထွေး၊ ဦးသိန်းဝင်း - ဒေါ်မြင့်မြင့်အေးတို့၏ အဒေါ်သည် ၁၀-၁-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၁-၂၀၀၄ ရက်တွင် ပိုးတန်းရပ်နေအိမ်မှစစ်ကိုင်းမြို့ တင်းတိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်တင့်ရီ(ခ)နော်ရှီလာ

အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊နဝရတ်/အောက်(၃) လမ်းနေ (ဦးညီငယ်- ဒေါ်သိန်း)တို့၏ သမီးကြီး၊ (ဦးသန်းတင်)၏ ဇနီး၊ ဦးနိုင်ထွန်း(လွယ်ဟိန်းကုမ္ပဏီ၊ မော်လမြိုင်)- ဒေါ်ကလျာသန်းတင်၊ဦးသီဟသန်းတင်၊ ဦးသူရသန်းတင် - ဒေါ်ဝါဝါဝင်း (သီရိမင်္ဂလာဈေး)၊ ဦးကျော်စွာသန်းတင်၊ ဦးအောင်စွာသန်းတင်(ဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန)၊ ဦးကျော်သူသန်းတင်-ဒေါ်လှမိုးမြင့် (ရညန၊ ဒေါပုံ သင်္ဘောကျင်း)တို့၏ မိခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင့်ရီ(ခ)နော်ရှီလာသည် ၁၀-၁-၂၀၀၄(စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၂-၁-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်သန်းသန်းအေး(၅၆)နှစ်

(Dora Htwe)
Radiation Technologist
ရန်ကုန်ဆေးရုံကြီး
(စိန့်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း)

ပုသိမ်မြို့နေ (ဆရာဦးချစ်-ဆရာမဒေါ်ရွှေမ)တို့၏ မြေး၊ အခန်း(၆) ဆာဂျင်ကွာတာ၊ ရန်ကုန်ဆေးရုံကြီးဝင်းနေ (ဦးတင်ထွေး၊အငြိမ်းစားဌာနခွဲစာရေးကြီး၊ စီမံ၊ ရန်ကုန်ဆေးရုံကြီး)-ဒေါ်အေးကျင်၊ အငြိမ်းစားအင်စပက်တော်၊ မြန်မာ့မီးရထားရုံးချုပ်)တို့၏သမီးကြီး၊ ဒေါ်ခင်ခင်အေး(Teena)၊ ဦးသန်းထွန်း (Na-poleon) (ဆာဂျင်၊ Y.G.H) ဦးမောင်မောင်အေး (Tony) (သစ်တောဦးစီး)၊ ဒေါ်မမချစ် (အထက-၁၊လသာ) တို့၏ ချစ်လှစွာသောမမကြီး၊ မနှင်းနှင်းထွေး၏ ချစ်လှစွာသောကြီးကြီးသည် ၁၀-၁-၂၀၀၄ရက်တွင်ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်၌ ဝတ်ပြုကိုးကွယ်ပြီး နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကြည်ရွှေ (၇၉)နှစ်

နယ်ပိုင်ဝန်ထောက်/
အထွေထွေအုပ်ချုပ်ရေးမှူး(ငြိမ်း)
B.C.S(သုံးဆယ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁)လမ်း၊ အမှတ်(၆၀-က)နေ (ဦးဖိုးထင်-ဒေါ်မယ်သီ)တို့၏ သား၊ ဒေါ်ထွေးစိန်(ဆရာမကြီး၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးမင်းသန့်ဇင် (လ/ထကထိက၊ သစ်တောတက္ကသိုလ်၊ ရေဆင်း)-ဒေါ်မြတ်မျိုးမြင့် (လ/ထကထိက၊ငြိမ်း၊ စိုက်/သိပ္ပံ၊မြောင်းမြ)၊ ဒေါ်ဓာတုယဉ် (ယခင်အထက-၄၊တ/ဥက္ကလာ)၊ ဦးမင်းကြည်သန့်(လ/ထကထိက Y.T.U) - ဒေါ်ပြည်ခိုင်မာဦး (ဒုမြို့နယ် ဥပဒေအရာရှိ၊ တောင်ဒဂုံ)တို့၏ မွေးသဖခင်၊ (ဦးကြည်ငွေ)၏ အစ်ကို၊ ဒေါ်ခင်မြတ်မွန်၏ ဘကြီး၊ မောင်ကျော်ခေါင်သန့်ဇင်၊ မောင်မင်းရှင်းသန့်၊ မကေခိုင်သန့်ဇင်တို့၏ ဘိုးဘိုးကြီးသည် ၁၀-၁-၂၀၀၄(စနေနေ့) ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်ကြီး (၇၃)နှစ်

(ဓာသပြင်)

ကရင်ပြည်နယ်၊ ဓာသပြင်ရွာ၊ အရှေ့ဘက်ကမ်း ပန်းထိမ်ဆရာကြီး ဦးမောင်ငွေ၏ ဇနီး၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကျပန်းကျေးရွာနေ ဦးတင်လှ-ဒေါ်လှမြင့်၊ ရန်ကုန်မြို့နေ ဦးသန်းဌေး-ဒေါ်သန်း၊ ဦးတက်ထွန်း-ဒေါ်တင်လှိုင်၊ ဦးမောင်မြင့်-ဒေါ်နု၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းရွှေ-ဒေါ်ခင်စောတို့၏ မွေးသမိခင်၊ မြေး ၂၅ယောက်၊မြစ်ရှစ်ယောက်တို့၏ အဘွားသည် အမှတ်(၇၆၈) အောင်သစ္စာ(၆)လမ်း (၄)တောင်ရပ်ကွက် သာကေတမြို့နယ်၌ ၁၁-၁-၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၀၄ (အင်္ဂါ)နေ့ နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအေးသာ(ခ)

Artheir Lao

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်(၂၇၈)နေ (ဦးထင်စိန်-ဒေါ်သောင်းတင်)တို့၏ သား၊ (ဦးဝင်းဖေ-ဒေါ်မြသောင်း)-ဒေါ်ရှုမေ၊ (ဦးယောန)-ဒေါ်ခင်မေကျော့၊ ဦးပါစီလောင်း-ဒေါ်နုနုရီ၊ Dr.ဦးဝင်းမောင်(ခ) George-Dr.ဒေါ်ခင်လှသိန်း၊ ဦးငွေထွန်း-ဒေါ်မြမြရီတို့၏ ညီ/မောင်၊ (ဦးဝင်းနိုင်)-ဒေါ်တင်တင်ရီတို့၏ အစ်ကို ဦးအေးသာ(ခ) Artheir Laoသည် ၁၀-၁-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၂-၁-၂၀၀၄(တနင်္လာနေ့) နံနက်၉နာရီတွင် ထိန်ပင်သုသာန်ခန်းမ(၁)၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ခရစ်ယာန်သုသာန်တွင် သင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက် ဆုဖလားကြီးကို (အကျော့ဝေး)ပြိုင်ပွဲတွင် ပထမရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းအားချီးမြှင့်

☆ ရှေ့ဖုံးမှ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ တိုင်းစစ်ဌာနချုပ်အသင်းများနှင့် ခြေမြန်တပ်မဌာနချုပ်အသင်းများ အပါအဝင် ပြိုင်ပွဲဝင်အသင်း(၁၇)သင်းတို့မှ ဂေါက်သီးရိုက်အားကစား သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၃-၂၀၀၄ ခုနှစ် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



၂၀၀၃-၂၀၀၄ ခုနှစ် **တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပါဝင်ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

ကိုလိုနီနယ်ချဲ့တို့၏ တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်မှုမှ ပေါက်ဖွားလာသည့်ဆိုးမွေများကိုချေဖျက် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ဝိုင်းဝန်းဆောင်ရွက် ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူပြီး မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး တက်တက်ကြွကြွ ပူးပေါင်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပသည့် ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဘင်ခရာ၊ပန်းဖွား၊ ကဗျာလွတ်အကအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ခံကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြင့်ဝေနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်တင့်တို့က ကျိုင်းတုံမြို့ အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပွဲအခမ်းအနားအပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)